
ခိုင်မိမိဇင်
ကိုကို့ကိုအစကတည်းကချစ်တာပါနော်

# ကိုကို့ကို အစကတည်းက ချစ်တာပါနော်

## (တစ်)

'အို. . . အောင်မင်လေး ဝင့်မိုတော့ သေပါပြီ. . . လုပ်ကြပါဦး. . . လုပ်ကြပါဦး. . .'

မြတ်ဝင့်မိုကို တိုက်သွားသော ဂျစ်ကားသည် ဝါးတစ်ရိုက်ခန့်တွင် တုံ့ခနဲ ရပ်သွားသည်။

မြတ်ဝင့်မို၏ ဒေါ်လေး ဖြစ်သူ ဒေါ်လေး ဖြစ်သူ မခင်ညို၏ အော်သံကြောင့် လူများ ဝိုင်းအုံ လာ၏ ။

မခင်ညို၏ လက်ထဲတွင် မြတ်ဝင့်မိုကလေးသည် ပျော့ခွေနေကာ ဦးခေါင်းမှ သွေးများ စီကျ နေ၏ ။

'ဟ. . . ရိုက်ဟ. . . ရိုက်ဟ. . . ဝိုင်းချ. . . ဟာ. . .'

ဒေါသထွက်နေသော လူအုပ်ကြီးက ရမ်းကားစွာ တိုက်သွားသော ကားသမားကို ဒေါသ တကြီး အော်ဟစ်၍ ရိုက်နှက်၍ အားသွန်သွားနေကြ၏ ။

'ဟေ့. . . ဟေ့. . . နေကြပါဦး. . . နေကြပါဦး . . . လက်လွန်ကုန်ပါ့မယ်. . . ဥပဒေ အတိုင်း ဖြစ်ရမှာ ပေါ့. . .'

အသံသြဇာ ပြည့်ဝသော အသက်လေးဆယ်ကျော်အရွယ် လူကြီး တစ်ယောက် ဝင်ရောက် ဟန့်တားလိုက်သဖြင့် ကားသမားမှာ အထုအထောင်းအရိုက်အနှက်ခံရမည် ဘေးမှ သီသီကလေး လွတ်မြောက်သွားရှာ၏ ။

'ဟေ့. . . ကလေးမခေါင်းက သိပ် သွေးထွက်နေတယ်. . . နေကလဲ ပြင်းတယ်. . . ဆေးရုံ မြန်မြန် ပို့မှ ဖြစ်မယ်. . .'

'ကျွန်တော် . . . ကျွန်တော့် ကားနဲ့ပဲ ပို့ပေးပါရစေ အစ်ကိုကြီး. . .'

သူ၏ ကယ်တင်ရှင် ဖြစ်သော အမျိုးသားကြီးကို ကားသမားက ဝင်ပြောလိုက်သည်။

'အေး. . . ကောင်းတယ်. . . ဖယ်. . . ဖယ်. . . ဒီက ညီမ. . . ကလေးမလေးကို ဆေးရုံ ပို့ကြရအောင်. . .'

သူ ကိုယ်တိုင်ပဲ လူကြီးက မခင်ညို၏ လက်ထဲမှ မြတ်ဝင့်မိုကလေးကို ပွေ့ယူကာ ကားဆီ သို့ ခေါ်ဆောင်သွား၏ ။

သို့နှင့် . . .

မြတ်မို့ဝင်ကလေး ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိသွားတော့သည်။

ဆေးရုံတွင် တာဝန်ကျနေသော အေအက်စ်ဒေါက်တာ စွမ်းထက်နိုင်သည် အရေး ပေါ် ရောက်ရှိလာသော မြတ်ဝင့်မိုကလေးကို ဂရုတစိုက်ကြီးစွာ ဖြင့် ကုသနေ၏ ။

မြတ်ဝင့်မိုကလည်း ကံကောင်းလှသည်။

ချိုစောင်းကွဲသွားသော ဒဏ်ရာမှ သွေးတွေ မတရားထွက်နေသော်လည်း ဒဏ်ရာသည် အတွင်း သို့ သိပ်မနက်သဖြင့် စိုးရိမ်စရာ သိပ်မရှိလှ။ သို့သော် နဂိုက သွေးအားနည်းနေသည့်ကြား က သွေးထွက်လွန်နေသဖြင့် မြတ်ဝင့်မိုအတွက် သွေး အရေး တကြီး လိုလာသည်။

မြတ်ဝင့်မို၏ သွေးအမျိုးအစားကို ချက်ချင်း စမ်းသပ်ရှာဖွေသည်တွင် အို အမျ ိုးအစား ဖြစ်နေသည်ကို တွေ့ရ၏ ။

ကံကောင်းမလိုလိုနှင့် ခက်ချေပြီ။

အားလုံး ထူပူသွားကြသည်။

နောက်ဆုံးတွင် တော့ ဒေါက်တာ စွမ်းထက်နိုင်သည် သူနှင့် အိုသွေး အမျ ိုးအစားချင်းတူသူ မှာ မိမိ တစ်ယောက် တည်းသာ ရှိနေသဖြင့် မိမိသွေးကို ထုတ်၍ မြတ်ဝင့်မိုကလေးကို သွင်းပေးရန် စီစဉ်တော့သည်။

မိမိ၏ သွေးဖြင့် တစ်ခုသော အသက်ကို ဒေါက်တာစွမ်းထက်နိုင် ကယ်တင်နိုင်စွမ်း ရှိခဲ့လေ ပြီ။

'ဝင့်မို တူမလေး ဒေါက်တာ ကိုကို့ကို ကန်တော့လိုက်. . . အဲဒီ ဒေါက်တာ ကိုကိုရဲ့ သွေးနဲ့ တူမလေးအသက်ကုယ် ကယ်လိုက်နိုင်တာပဲ. . .'

မြတ်ဝင့်မိုကလေး ကောင်းစွာ သတိရရှိလာသော အခါ အနားတွင် တစ်ဖဝါးမှ မခွာဘဲ စောင့်နေခဲ့သော မခင်ညိုက ပြောလိုက်သည်။

မြတ်ဝင့်မိုသည် သူ့မျက်နာကို ပြုံး တုံ့တုံ့ကြီး ငုံ့ကြည့်နေသော သူ့အသက်သခင် ဒေါက်တာ စွမ်းထက်နိုင်ကို လက်အုပ်ကလေး ချီ၍ ကန်တော့လိုက်သည်။

'သာဓု. . . သာဓု. . . သာဓု. . . မြတ်ဝင့်မိုကလေး ကျန်းမာချမ်းသာပါစေဗျာ. . .'

အရုပ်အမောင်း ရုပ်ရည် ယောကျ်ားပီသ ခန့်ညားသည်သာမဟုတ်၊ အသံသြဇာကလည်း ကောင်းလွန်းလှသော သူ ဒေါက်တာ ကိုကို့ကို မြတ်ဝင့်မိုကလေးသည် ကြော့ရှန်းနက်မှော င်သော မျက်တောင်ကလေးများ ကို တဖျပ်ဖျပ်ခတ်ရင်း ကြည့်နေမိ၏ ။

'မြတ်ဝင့်မို အသက်က ဆယ့်ငါးနှစ် နော်. . .'

'ဟုတ်ကဲ့. . . ရှေ့လဆို ဆယ့်ငါးနှစ် ပြည့်တော့မယ်. . . ကိုကို. . . အဲ. . . ဒေါက်တာ. . .'

'အဟင်း. . . ဟင်း မြတ်ဝင့်မို ကြိုက်သလိုခေါ်ပါကွာ. . . ရပါတယ်. . .'

မြတ်ဝင့်မို၏ ချစ်စရာကောင်းလှသော မျက်နှာကလေး ဝင်းပသွား၏ ။

'ဝင့်မို ခု ဘယ်နှစ် တန်း. . . ရောက်ပြီလဲ. . . ကျောင်းနေတယ် မဟုတ်လား. . .'

'ဟုတ်ကဲ့. . . ဝင့်မို ကိုးတန်းပါ. . . ဒေါက်တာကိုကို. . .'

'ကြိုး စားနော်. . . ဆရာဝန်မကြီး ဖြစ်လာအောင်လို့. . .'

'ဟုတ်ကဲ့. . . ဝင့်မိုလဲ သိပ် ဒေါက်တာမကြီး ဖြစ်ချင်တာပဲ၊ ဖေဖေကလဲ တစ်နေ့

ဆရာဝန် ဖြစ်အောင် ကြိုး စားရမယ်လို့ ဝင့်မို့ကို ပြောထားတာ. . .'

'ဟုတ်တယ်. . . ဒေါက်တာရေ. . . အစ်ကိုကြီးက သူ့သမီးကို သိပ်ဆရာဝန်မကြီး ဖြစ်စေ ချင်တာ. . . မိတဆိုး သမီးကလေးဆိုတော့ ချစ်လိုက်တာလဲ တုန်နေတာပဲ. . . ခုလဲ ကျောင်းပိတ် တုန်း မညိုတို့ဆီလာလည်ရင်း ခုလို ဖြစ်သွားတာ. . . အစ်ကိုကြီးများ သိရင်တော့ ဒုန်းစိုင်းလိုက်လာ မှာ ပဲ. . .'

'ဝင့်မိုက ဒီက မဟုတ်ဘူးလား'

'ဝင့်မိုတို့က ရန်ကုန်မှာ နေပါတယ်. . .'

'ဩော်. . .'

'ကိုကိုဒေါက်တာကကော ပြည်ကပဲလားဟင်. . .'

'ရန်ကုန်ကပါပဲ. . .'

'အို. . . ဟုတ်လား. . .'

♦

ဒေါက်တာ စွမ်းထက်နိုင်နှင့် မြတ်ဝင့်မိုကလေးတို့ ရင်းနှီးခင်မင်သွားကြသကဲ့သို့ မြတ်ဝင့်မို ကားတိုက်ခံရမှု တွင် အကူအညီများ စွာ ပေးခဲ့သော ကိုကောင်းဆိုသူနှင့် မခင်ညို တို့လည်း ရင်းနှီး သွားကြသည်။

မြတ်ဝင့်မို ဆေးရုံက ဆင်းသည့်တိုင် အိမ်ကို သွား၍ လည်လေ့ရှိသော ဒေါက်တာ စွမ်းထက် နိုင်သည် မြတ်ဝင့်မို ရန်ကုန် ပြန်သွားသော အခါ လွမ်းစရာကလေး ဖြစ်ကျန်ရစ်ခဲ့ရ၏ ။

မြတ်ဝင့်မိုခမျာမှာ တော့ သူ့ကို အရေး ပေးခင်တွယ်လွန်းလှသော ဒေါက်တာ စွမ်းထက်နိုင် ကို မြီးကောင်ပေါက်အရွယ် အသည်းကလေး မခိုင့်တခိုင်နှင့် စွဲမက်နေခဲ့၏ ။

သူ ဒေါက်တာကိုကို့ကို တစ်နေ့ကလေးမှ မေ့မရ။

သူ ဒေါက်တာကိုကို၏ ချစ်ခင်စွဲမက်စရာကောင်းလှသော အသွင်သည် သူ့မျက်လုံးအစုံ တွင် သံမှိုစွဲထားသည်ကဲ့သို့ ဖြစ်နေ၏ ။

ပြည်က ရန်ကုန်ကို ဆင်းလာတိုင်း ဒေါက်တာ စွမ်းထက်နိုင်သည် ပြည်မြို့ အတွက် စား သောက်ဖွယ်ရာများ နှင့် မြတ်ဝင့်မို၏ နေအိမ်သို့ ရောက်လာတတ်လေ့ရှိ၏ ။

အဲဒီ နေ့များ ဆိုလျှင် မြတ်ဝင့်မိုပျော်လွန်း၍ ထမင်းမေ့ ဟင်းမေ့ပင် ဖြစ်ရ၏ ။

တစ်ဦးနှင့် တစ်ဦး ခင်မင်ရင်းနှီးမှု တစ်နှစ် ခန့်ကြာတော့ သူ ခင်မင်ရပါသော ဒေါက်တာ ကိုကို တစ်ယောက် သူ့ဘဝထဲမှ ပျောက်ချင်းမလှ ပျောက်သွားတော့သည်။

ဒေါ်လေးညို့ရန်ကုန်ကို ဆင်းလာတော့မှ ဒေါက်တာစွမ်းထက်နိုင် တစ်ယောက် နိုင်ငံခြားကို ထွက်သွားပြီ ဖြစ်ကြောင်း မြတ်ဝင့်မို သိရသည်။

သည်နေ့ကများ ဆိုလျှင် မြတ်ဝင့်မို လူးနေအောင် အိပ်ခန်းပိတ်၍ ငိုမိခဲ့၏ ။

'တကယ်ဆို ဝင့်မိုကို နှုတ်ဆက် သွားပါဦးတော့ ဒေါက်တာကိုကိုရယ်. . .'

♥ ♥ ♥

## (နှစ် )

အချိန်တွေ ကြာခဲ့ပါပြီ။

နှစ် တွေ လည်း အလီလီ ပြောင်းခဲ့ပါပြီ။

ထိုပြောင်းလဲခဲ့သော နှစ် များ နှင့် အတူ မြတ်ဝင့်မို၏ ဘဝလည်း အမျိုးမျိုး ပြောင်းလွဲလာခဲ့ရ သည်။

ပထမ. . . သူ ခင်တွယ်မြတ်နိုးရပါသော ကိုကိုဒေါက်တာ တစ်ယောက် သူ့ဘဝထဲမှ ပျောက် ချင်းမလှ ပျောက်သွားခဲ့သည်။

ဒုတိယ. . . မြတ်ဝင့်မို၏ ဖေဖေ ပိုင်သော မြတ်ဝင့်မို နှစ် ထပ်သင်္ဘောကြီး ကမ်းလွန်ပင်လယ် တွင် မုန်တိုင်းမိ၍ နစ်မြုပ်ခဲ့သည်။

တတိယ. . . စီးပွားပျက်မှု ဒဏ်ကို မခံနိုင်သော ဖခင် တစ်ယောက် သေမင်းနောက် ကောက် ကောက်ပါအောင် လိုက်သွားခဲ့သည်။

တစ်လောကလုံးမှာ တစ်ယောက် တည်းသာ တစ်မိပေါက်တွင် ထွန်းခဲ့သော မြတ်ဝင့်မို တစ် ယောက် အထီးကျန်ဘဝသို့ ရောက်ရလေပြီ။

ဒေါ်လေးညိုတစ်ယောက် သာရှိမနေပါလျှင် မြတ်ဝင့်မိုသည် သော င်ပြင် အလွတ်ခံရသော ခွေးဘဝနှင့် ခြားတော့မည် မဟုတ်။

ဒေါ်လေးညိုက ကောင်းရှာပါသည်။

သူ့အပေါ်တွင် အကြင်နာတရား လွန်ကဲစွာ လည်း ထားပါသည်။

သို့သော် . . .

အပျိုကြီး ဒေါ်ခင်ညိုနှင့် လူပျိုကြီး ဦးကောင်းတို့၏ အိမ်ထောင်တွင် သားသမီးရတနာက တစ်ယောက် နှစ် ယောက် ထွန်းကားနေသဖြင့် မြတ်ဝင့်မိုမှာ တူ တူမလေးတွေ နှင့် လုံးချာ လည်နေ ရပေ၏ ။

လုံးချာလည်သည့်ကြားကပင် မျှော်မှန်းခဲ့သလို ဒေါက်တာဘွဲ့ မရသော် လည်း အင်္ဂလိပ် ဘာသာ အဓိကနှင့် ဘွဲ့တစ်ခုကိုတော့ မြတ်ဝင့်မို ရလိုက်သည်။

ကျောင်းဆရာမ ဝင်လုပ်မည် ဟု စိတ်ကူးထားသည့်အတိုင်း လျှောက်လွှာလည်း တင်လိုက် သည်။

အလုပ်မရခင် စပ်ကြားမှာ တော့ တူ တူမကလေးများ ၏ ဝေယျာဝစ္စများ နှင့် နပန်းလုံးနေရ ပေဦးမည် ။

ယခုဆိုလျှင် ဒေါ်လေးညိုတွင် သားသမီးရှစ်ယောက် ကြီးများ တောင် ရှိနေလေပြီ။

အငယ်ဆုံးမ ငယ်ငယ် တစ်ယောက် ရှစ်လသမီး ရောက်နေပြီဆိုတော့ မျက်ခုံးတော့ ခပ်လှုပ်လှုပ်. . .။

မြတ်ဝင့်မိုသည် မီးဖိုဆောင်တွင် ဟင်းရွက်ကန်စွန်းများ ကူသပ်ပြီးသည် ဖြစ်၍ အိမ်ရှေ့ခန်း ကို ရှင်းလင်းရန် ကြက်မွေးကလေးကို ချိတ်ထားသည့်နေရာမှ ဖြုတ်ယူ၍ အပြင်သို့ ထွက်ခဲ့သည် တွင် ပြတင်းပေါက်မှ လေနှင့် အတူ ပျံဝဲလာသော သတင်းစာလိပ်က သူ့ခြေထောက်နားသို့ ဘုတ်ခနဲ ကျလာ၏ ။

သတင်းစာနောက်ဆုံး မျက်နှာကို ဖတ်ရန် ဝါသနာကြီးလှသူ ပီပီ မြတ်ဝင့်မိုသည် လက်ထဲ က ကြက်မွေးကို အသာချပြီး သတင်းစာကို ဖတ်လိုက်သည်။

ကြော်ငြာတစ်ခုမှ နာမည် သည် မြဝင့်မို၏ နှလုံးသားကို အပြင်းအထန်လှုပ်ရှားသွားစေ၏ ။

'ဒေါက်တာစွမ်းထက်နိုင် . . . ဒေါက်တာစွမ်းထက်နိုင် ခွဲစိပ်ကုဆရာဝန်ကြီးတဲ့. . . အို. . . ဒါ ဒါ. . . ဝင့်မိုရဲ့ ဒေါက်တာကိုကိုပဲ ဖြစ်ရမယ်. . . အင်း. . . အချိန်တွေ ဒီလောက်ကြာလာဆိုတော့ ကိုကိုတော့ ဆရာဝန်ရင့်မကြီး ဖြစ်သင့်ပြီပေါ့. . .'

'ပြီးတော့. . . ပြီးတော့. . . ဝင့်မိုတောင် အသက်နှစ် ဆယ်ကျော်လာပြီဆိုတော့ ကိုကိုလဲ အိမ်ထောင်ရက်သားကျနေပြီဆို မဆန်းပါဘူးလေ. . .

ဩော်. . . ကိုကိုဒေါက်တာကြီးရယ် အသည်းနုနုကလေးကတည်းက ကိုကို့ကို ချစ်ခင် စွဲလမ်းခဲ့ရတဲ့ ဝင့်မိုဟာ ယခုထက်တိုင်လဲ စွဲလမ်း ချစ်ခင်လျက်ပါ. . . ဝင့်မိုရဲ့ အသက် နှလုံးရဲ့ အသိဉာဏ်ထဲက ကိုကို ဘယ်လိုမှ ထွက်မသွားခဲ့ပါဘူးရှင်. . .'

'တစ်နေ့နေ့တော့ တွေ့ရလိမ့်နိုးနဲ့ ဝင့်မို မျှော်ကိုးခဲ့မိပါသည်. . . ခု ကိုကို့ကို တွေ့ရပါပြီ. . . ဝင့်မိုရဲ့ မျှော်လင့်ချက်ကြီးစွာ ထားရှိမှု ဟာ ဝင့်မိုအတွက် ဝမ်းသာမှု တစ်ဝက်၊ ဝမ်းနည်းမှု တစ်ဝက် နဲ့ပါလား ကိုကိုရယ်. . . ဝင့်မိုရဲ့ ကိုကိုဒေါက်တာဟာ အတွယ်အတာ အခင်အမင် ဇနီး သမီးတွေ နဲ့ ပါလား. . .

အိုလေ. . . ဘာပဲ ဖြစ် ဖြစ် နှစ် တွေ ဒီလောက်အကြာကြီး လေထဲ တိုက်အိမ်ဆောက် စိတ်ကူး တွေ ယဥ်ခဲ့ရတဲ့ ဝင့်မို ဟာ. . . ဝင့်မို မျှော်လင့်ခဲ့သလို ကိုကို့ကို တစ်ယောက် တည်း မတွေ့ရပေ မယ့် ပြန်လည်ဆုံတွေ့ရတော့မယ်ဆိုတဲ့ အရသာကို မျှော်လင့်လျက်ပါ ကိုကို. . .

စိတ်ကူးယဥ်ကမ္ဘာထဲက ချစ်သူ တစ်ယောက် အ ဖြစ်ရဲ့ အလှမ်းဝေးသွားရပေမယ့်. . . တစ်လောကလုံးမှာ အခင်တွယ်ရဆုံး လူ တစ်ယောက် အ ဖြစ် ဝင့်မို ကိုကို့ကို မှတ်ယူလိုက်ပါတော့ မယ်. . .

ကိုယ်ကိုရယ်. . . ကိုကို့ ချစ်ဇနီးရယ်. . . ကိုကို့ ချစ်သမီးကလေးရယ်. . . ဝင့်မိုရယ် ပျော်စရာ ကမ္ဘာလေးထဲက လူသားတွေ ဖြစ်အောင် ဝင့်မို ကြိုး စားပြပါ့မယ်. . .’

မြတ်ဝင့်မိုသည် ဝမ်းနည်းကြေကွဲစိတ်တွေ ကို ကြိုး စားဖယ်ရှားလိုက်ရှာ၏ ။

♥ ♥ ♥

‘ဟဲ့. . . သတင်းစာကြီး ကိုင်ပြီး ဘာတွေ ပြုံး နေတာလဲ ဝင့်မို. . .’

မီးဖိုဆောင်မှ ဧည့်ခန်းတွင်းသို့ ဝင်လာသော ဒေါ်ခင်ညိုက ဆက်တီစားပွဲရှိ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ကာ မိန့်မိန့်ကြီး ပြုံး နေသော တူမချောကို မေးလိုက်သည်။

မြတ်ဝင့်မို ရှေ့ရှိ ဆက်တီပေါ်တွင် ကြက်မွေးကလေးတုံးလုံးလဲလျက်သား. . .။

‘အဟင်း. . . ဖုန်တွေ လိုက်သုတ်နေရင်း သတင်းစာလာတာနဲ့ ဖတ်လိုက်မိတာ. . . ဟိုလေ သတင်းစာထဲမှာ ကလေးထိန်းခေါ်တဲ့ ကြော်ငြာတစ်ခု ပါလာတယ် ဒေါ်လေးညိုရဲ့. . . .’

‘ဒီကြော်ငြာကို ညည်းလေးက စိတ်ဝင်စားနေတယ်ပေါ့. . .’

‘အင်း. . .’

မြတ်ဝင့်မိုက ဦးခေါင်းကလေးကို ဆတ်ခနဲ ညိတ်ပြလိုက်၏ ။

‘ကြံ့ကြံ့ဖန်ဖန် ဝင့်မိုရယ်. . . ခေတ်ပညာတတ် ဘွဲ့ရ မိန်းကလေး ဖြစ်နေတဲ့ ငါ့တူမလေးက ကလေးထိန်းကြော်ငြာကို စိတ်ဝင်စားနေရသတဲ့လား. . . အံ့ပါရဲ့ တော် . . .’

ဒေါ်ခင်ညိုက အလိုမကျဟန်ဖြင့် ပြောလိုက်သည်။

‘ရိုးရိုး ကလေးထိန်း မဟုတ်ဘူး ဒေါ်လေးညိုရဲ့ . . . ဟောဒီမှာ ဖတ်ကြည့်ပါဦး. . .’

အမြန် အလိုရှိသည်

ခေတ်ပညာတတ် ဘွဲ့ရ အမျိုးသမီး တစ်ဦး။ ခြောက်နှစ် အရွယ် သမီးငယ်ကို ကျန်းမာရေး ၊ ပညာရေး ၊ လူမှု ရေး ဘက်စုံအောင် ပြုစုသင်ကြားပေးရမည် ။ အရည်အချင်းကို စစ်ဆေးပြီး ခံစားခွင့် ကောင်းစွာ ပေးမည် ။

တွေ့ဆုံရမည့် နေရာ. . . အောက်ပါတိုင်း။ နေ့လယ် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း ။

ဒေါက်တာစွမ်းထက်နိုင်

M.B.B.S (RGN), F.R.C.S (Lon)

ခွဲစိတ်ကု အထူးဆရာဝန်ကြီး

သီရိမင်္ဂလာ ဆေးကုခန်း၊

အမှတ် (. . . . . .)

ရွှေဘုံသာလမ်း။

♥ ♥ ♥

'ဒေါက်တာ စွမ်းထက်ဆိုပါလား. . . ဟို. . . ငါ့တူမလေးရဲ့ ဒေါက်တာများ ဖြစ်လေမလား. .'

'ဝင့်မိုတော့ သူပဲလို့ ထင်တယ်. . . အို. . . သူပဲ ဟုတ်မှာ ပါ. . . ဝင့်မိုရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်ခဲ့ဖူးတဲ့ ဒေါက်တာကိုကို့ဆီမှာ လျှောက်ထားတဲ့ အလုပ်မရင်စပ်ကြား သွားအလုပ် လုပ်ချင်တယ်. . . ဒေါ်လေးညို့ရယ်. . . သူသာဆိုရင်တော့ ဝင့်မိုကို အလုပ်ခန့်မှာ သေချာတယ်. .'

'အင်း. . . ဒါတော့ ငါ့တူမကြီး သဘောပဲလေ. . . အချိန်များ ကလဲ အကုန်မြန်လိုက်တာ နော်. . . ဒီဆရာဝန်မှာ ခြောက်နှစ် အရွယ် သမီးတောင် ရှိနေပြီပဲ. . .

အင်း. . . ပြန်စဉ်းစားလိုက်ရင် တူမကြီးရဲ့ အသက်ကို သူ ကယ်လိုက်တာ မနေ့တစ်နေ့က လိုပါပဲလား. . .'

'ဟုတ်တယ်နော်. . . ဒေါ်လေးညို့. . .'

မြတ်ဝင့်မိုသည် ရင်ထဲတွင် ညှိုး ငယ်သွားသော စိတ်ကို မျိုသိပ်ရင်း အဒေါ် ဖြစ်သူ စကားကို သံယောင်လိုက်လိုက်သည်။

'ကဲ. . . ကဲ. . .. ဝင့်မို လုပ်စရာရှိတာ မြန်မြန်လုပ်. . . ဒေါ်လေးလဲ ဟင်းအိုးတန်းလန်းနဲ့ ချက်ပြုတ်စားသောက်ပြီးတော့ တို့တူအရီးနှစ် ယောက် အဲ့ဒီဆေးခန်းကို သွားကြည့်ကြတာပေါ့. . .'

'အို. . . ချက်ချင်း ပဲ လိုက်ပို့ပေးမယ်. . . ပျော်လိုက်တာ. . . ဒါကြောင့် ဝင့်မို ဒေါ်လေးညို့ကို သိပ်ချစ်တာ. . .'

'ဟဲ့. . . ဟဲ့. . . ဝင့်မို ငါလဲတော့မှာ ပဲ. . . တယ် ဒီကောင်မလေး. . .'

'အဟင်း. . . ဟင်း. . . ဟင်း. . .'

မြတ်ဝင့်မို၏ ရယ်သံလွင်လွင်ကလေးသည် ဒေါ်ခင်ညို၏ ဧည့်ခန်းကို လှုံ့ထွက်သွားစေ၏ ။

မြတ်ဝင့်မိုသည် သူ့တာဝန် ဖြစ်သော ဧည့်ခန်းကို ရှင်းလင်းပြီးသည်နှင့် ကလေးတစ်အုပ်ကြီး ၏ အဝတ်အစားများ . . . ဒေါ်လေးညိုနှင့် ဦးလေးကောင်း၏ အဝတ်အစားများ . . . မိမိ၏ အဝတ် အစားများ ကို ယူကာ ရေစင်ဆီသို့ ခပ်သုတ်သုတ် ထွက်ခဲ့သည်။

တစ်နေ့တာအတွက် လျှော်ခဲ့ဖွတ်ခဲ့ရဦးမည် မဟုတ်ပါလား. . .။

မြတ်ဝင့်မိုသည် အဝတ်လျှော်ရင်း သူ့ ဒေါက်တာကိုကိုနှင့် သူ့အကြောင်းကလေးများ ကို ပြန် ပြောင်းမတွေး ချင်တော့ပါဘူး ဆိုပေမယ့်လည်း ပြန်လည်မြင်ယောင်ထင်ယောင်၍ နေမိပေ၏ ။

ဒေါက်တာစွမ်းထက်နိုင် ရန်ကုန်ကို ရောက်လာတိုင်း ပြည်မှ ဝယ်လာသော မလိုင်လုံး၊ ကတွတ်ယို၊ ကရေကရာထည့်လာသည့်ဘူး. . . တံဆိပ်ခွံကလေးများ အမှတ်တရ သိမ်းဆည်းထား ခဲ့သည်မှာ ယနေ့တိုင်. . .။

အမှတ်တရ သိမ်းဆည်းခဲ့သော တစ်ချိန်က သိပ်လှသော နှင်းဆီပန်းစည်းများ ကလည်း နွမ်းလျက်ခြောက်လျက်. . . တွန့်လိမ်လျက်. . . သူ၏ စက္ကူဘူးကလေးများ ထဲတွင် ရှိလျက်ဆဲ. . .။

သည်မျှအထိ ကိုကိုဒေါက်တာကို စွဲလမ်းခဲ့ရသည့် ဝင့်မိုပါ. . .။

'ကိုကိုဟာ သိပ်ချမ်းသာတယ်. . . ခန့်ခန့်ချောချောကြီးလဲ ဖြစ်တယ်. . . ကိုကို့ကိုရတဲ့ မိန်းမဟာလဲ ချမ်းချမ်းသာသာ ချောချောလှလှထဲကပဲ ဖြစ်မှာ ပါပဲ. . .

အင်း. . . ကိုကိုရယ်. . . သစ်ရွက်ကလေး လေတိုက်တိုင်း လှုပ်ရှားသလို စိတ်လှုပ်ရှား တတ်တဲ့ မြို့ကောင်ပေါက်အရွယ်ကနေ အရာရာကို တွေးတောဆင်ခြင်တတ်တဲ့

အသက်နှစ် ဆယ် ကျော်အရွယ်ကို ဝင့်မို ရောက်နေခဲ့ပါပြီ. . .

ဒါပေမယ့် ဝင့်မိုရဲ့ နှလုံးသားထဲမှာ ဒေါက်တာစွမ်းထက်နိုင်ဆိုတဲ့ ဒေါက်တာကိုကို ကတော့ ကမ္ပည်းထိုးထားသလို ရှိနေခဲ့တာ ပျောက်ပျက်လို့ မသွားခဲ့ပါဘူး. . .

နှပျိုသည်မှ အိမ်ငါးရင့်ရော်တဲ့အတိလဲ ကိုကို ဝင့်မိုရဲ့ အသည်းနှလုံးမှာ နေရာယူနေတော့ မှာ ပါ. . .

ဒါပေမယ့် ကိုကိုရယ် ဒုသနသော ဆိုတဲ့ အ ဖြစ်မျိုးတော့ ဝင့်မို အရောက်မခံဘူး. . . ဘယ် တော့မှ အရောက်မခံဘူး. . . ကိုကိုနဲ့ ကိုကို့မိသားစုအပေါ်မှာ စင်ကြယ်တဲ့ နှလုံးသားနဲ့ ဝင့်မို ခင် တွယ်သွားမှာ ပါ. . .'

'ဟဲ့. . . ဝင့်မို မပြီးသေးဘူးလား. . . ကြာလိုက်တာ. . .'

'အမေ့. . . ဟုတ်. . . ဟုတ်ကဲ့ ပြီးပါပြီ. . .'

ဒေါ်လေးညို၏ အော်သံကြောင့် ဝင့်မို တစ်ကိုယ်လုံး ဆွဲခါလိုက်သလို တုန်သွားခဲ့ရ၏ ။

ဝင့်မို၏ အတွေးမျှင်များ ပြတ်တောက်သွားကြတော့သည်။

ကပျာကရာ အဝတ်များ လှန်းပြီး ရေချိုးခန်းသို့ ဝင့်မို ဝင်လိုက်သည်။

'ဝင့်မိုရေ မြန်မြန်လုပ်. . . ထမင်းကလေး စားသွားရအောင်. . .'

'ဝင့်မို ပြန်လာမှပဲ စားတော့မယ် ဒေါ်လေးညို'

'ဟဲ့. . . မဟုတ်တာ. . . ဆာနေမှာ ပေါ့. . .'

'ဟင့်အင်း. . . မဆာပါဘူး. . . ပဲပြုတ်နဲ့ ထမင်းကြော် မနက်က စားထားတာ ရေသာ ချိုး ပေးလိုက်. . .'

'ဟဲ့. . . ဟိုကောင်တွေ . . . သစ်ဦးနဲ့ ထွန်းဒထွန်းအတာ ဘယ်မှာ လဲ. . . မိုးကျော်ကော နင်တို့ ထမင်းစားချိန်မှန်း မသိကြဘူးလားဟင်. . . မျောက်တွေ အားကြီး

အဆောက်မက်တယ်၊ သွား. . . တစ်ခါတည်း စား မေမေတို့ သွားစရာရှိတယ်. . .'

ဒေါ်လေးညိုမှာ သားတွေ သမီးတွေ ကို ပါးစပ်က ပေါက်ပေါက်ဖောက်သည်ကဲ့သို့ တစ်နေ့ တစ်နေ့ ဤသို့ပြောနေရ၏ ။

'မေမေတို့က ဘယ်သွားမလို့လဲ သားတို့လဲ လိုက်မှာ ပေါ့. . .'

'ဟဲ့. . . နင်တို့ လိုက်လို့ရမလား. . . မိုမို အလုပ်သွားလျှောက်တာဟဲ့. . .'

'ဒါဆို. . . မုန့်ဝယ်ခဲ့. . .'

'ထွန်းဖို့ သေနတ်ကလေး ဝယ်ခဲ့. . .'

'မီးမီးဖို့ ဒေါ်လီရုပ်ကလေးနော် မေမေ. . .'

'အေး အေး. . . မှာ ကြ. . . မှာ ကြ. . . ကျန်တဲ့ကောင်တွေ ကော ဘာမှာ ကြဦးမလဲ မီလျှံနာကြီးရဲ့ သားတွေ သမီးတွေ . . .'

မြတ်ဝင့်မိုမှာ မှန်တင်ခုံရှေ့တွင် အလှပြင်ရင်း နားထဲသို့ အဆက်မပြတ် တိုးဝင်လာနေ သည့် ဒေါ်လေးညိုနှင့် သူ့သားသမီးများ ၏ စကားသံကို ပြုံး မိလိုက်ပေ၏ ။

♥ ♥ ♥

(သုံး)

'ဟယ်. . . မိုမိုက လှလိုက်တာ. . . ညတုန်းက မိုမိုပြောပြတဲ့ ဆင်ဒရဲလား ပုံပြင်ထဲက ဆင်ဒရဲလားလေးအတိုင်းပဲနော်. . . ကိုကိုတာ. . .'

'အောင်မယ်. . . တို့ မိုမိုက ဆင်ဒရဲလားထက် ပိုလှပါတယ်နော်. . . ဟုတ်တယ် မဟုတ် လား မေမေ. . .'

'အေး. . . အေး. . . ကိုယ့်ငါးချဉ် ကိုပဲ ချဉ်နေကြ. . .'

'အေး. . . မိုမိုရဲ့ ညီမလေးတွေ . . . မောင်လေးတွေ အတွက် မိုမို ပြန်လာရင် မုန့်တွေ အများ ကြီး ဝယ်လာခဲ့မယ်. . . အိမ်ကနေ ဆုတောင်းနေနော်. . . မိုမို အလုပ်ရပါစေလို့. . .'

'ဟုတ်ကဲ့. . .'

မြတ်ဝင့်မို၏ မောင်လေး. . . ညီမလေးများ သည် မြတ်ဝင့်မို၏ ဆုံးမသွန်သင်ပေးမှု အောက် တွင် လိမ္မာရေး ခြားရှိနေကြပေ၏ ။

'တကယ်ပါပဲ. . . ကလေးတွေ ပြောလဲ ပြောစရာပါပဲ. . . ငါ့တူမလေးက တကယ့်ကို ပါရမီ ထူးတဲ့အလှပိုင်ရှင်ကလေးပဲ. . .

မပြင်မဆင်ဘဲလဲ လှ. . . ပြင်လိုက် ဆင်လိုက်ပြန်ရင်လဲ လှသထက် လှ. . . ခြောက်ပစ် ကင်း သဲလဲစင်. . . ပြစ်မျိုးမှည့်မတင်ဆိုတာ ငါ့တူမလေးလို မိန်းကလေးမျိုးကို ဆိုတာပေါ့. . .'

'ဟော. . . ဒေါ်လေးညို့ကတော့ လုပ်ပြီ. . . ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပါပြီ. . .'

'ဩော်. . . ချဉ်သင့်လို့ ချဉ်တာပေါ့ ဝင့်မိုရယ်. . . မမ အပျိုတုန်းကဆိုရင်လေ ခု ဝင့်မို ကလေးအတိုင်းပဲ. . . တစ်မိပေါက် တစ်ယောက် ထွန်း သိပ်ကို လှတာ. . . မေမေတို့

ဖေဖေတို့မှာ လေ မမကို မတော် မသင့်တဲ့ လူတွေ နဲ့ ရမှာ စိုးလို့ ထားစရာနေရာမရှိအောင်ကို ဖြစ်ခဲ့ရတယ်. . .

ခု. . . ဒေါ်လေးညို့လဲ ဖေဖေ မေမေတို့လို ဖြစ်နေရပြီ. . . တူမ အချောအလှကလေးကို ဘယ်နေရာ ထားရမှန်းမသိ ဖြစ်နေရပြီလေ. . . မတော် မသင့်တဲ့ လူတွေ နဲ့ရမှာ ကိုလဲ တွေးတွေးပြီး စိုးရိမ်လိုက်ရတာ . . .

ကဲ. . . ဒါထားပါဦးလေ. . . ခု အလုပ်ရှင် ဒေါက်တာ စွမ်းထက်နိုင်ဟာ ဒေါ်လေးညို့တို့ သိခဲ့ဖူးတဲ့ ဒေါက်တာ စွမ်းထက်နိုင် မဟုတ်ရင်တော့ အဲဒီ အလုပ်ကို တူမလေး ရအောင် မလုပ်ရဘူး နော်. . .'

'သူများ အိမ်မှာ . . . နေ့နေ့ညည သွားနေပြီး အလုပ်လုပ်မှာ ကိုတော့ ဒေါ်လေးညို. . . သဘောမတူနိုင်ဘူးကွယ်. . . မှန်တာ ပြောရရင်. . . ဒေါ်လေးမျက်စိအောက်မှာ ပဲ တူမလေးကို နေစေ့ချင်တယ်. . .'

'စိတ်ချပါ ဒေါ်လေးညို့ရယ်. . . ဝင့်မို ကျေးဇူးရှင်. . . ကိုကိုဒေါက်. . . အဲ. . . ဒေါက်တာ စွမ်းထက်နိုင် မဟုတ်ရင် အဲဒီ အလုပ်ကို ဝင့်မို ရတောင် လက်မခံပါဘူး. . .'

'တူမလေးက ဒေါ်လေးညို့စကားကို မြေဝယ်မကျနားထောင်တယ်ဆိုတာ ဒေါ်လေးညို့သိပြီးသားပါ. . .'

'ကဲ. . . တူမလေး အဆင်သင့် ဖြစ်ပြီ မဟုတ်လား. . . ဒေါ်မွှေးကို ခေါ်လိုက်. . . သူ ငယ်ငယ်ကို ကြည့်ထားပေးမယ်တဲ့. . . ဒေါ်လေး ပြောထားပြီးပြီ. . .'

မြတ်ဝင့်မိုသည် တစ်ဘက်ခြံမှ အမျိုးသမီးကြီး ဒေါ်မွှေးဆိုသူကို ပြေးခေါ်လိုက်သည်။

မကြာမီ ဒေါ်မွှေး ရောက်ရှိလာ၏ ။

'ကဲ. . . ဒေါ်မွှေးရေ. . . အိမ်က မျောက်တွေ ကိုလဲ တစ်ချက် တစ်ချက်ကြည့်လိုက်ပါဦး. . . ကောင်းကောင်းနေဖို့တော့ မှာ ထားခဲ့တာပဲ. . . ပြောမရရင်

ဆော်သာဆော် စိတ်မဆိုးဘူး သိလား’

‘စိတ်ချသွားစမ်းပါ ညိုရယ်. . . ငယ်ငယ့်အတွက် နို့ဘူး ဖျော်ခဲ့တယ် မဟုတ်လား. . .’

‘စားပွဲပေါ်မှာ ရေနွေး စိမ်ခဲ့တယ်. . . နိုးရင် တိုက်ဖို့ အဆင်သင့်ပဲ. . .’

‘အေး. . . အေး. . .’

မြတ်ဝင့်မိုသည် အိပ်ခန်းထဲသို့ ပြေးဝင်သွားပြီး သူ့ကိုယ်ပေါ်တွင် အဖြူရောင် တစ်ချောင်း ထိုး ဇာဝေ့စ်ကုတ်ကလေးကို ထပ်ဆင့်၍ ကပျာကသီဝတ်လိုက်သည်။ ပြီးတော့ မိချောင်းရေ လယ်သာ စလင်းဘတ်အနက်ကလေးကို ပခုံးတွင် ချိတ်ဆွဲလိုက်ပြီး ဖိနပ်စင်မှ အဖြူရောင် ကြိုး သိုင်းဖိနပ်ကလေး တစ်ရန်ကို ယူလိုက်သည်။

ဒေါ်ခင်ညိုသည် တူမချော၏ တစ်ကိုယ်လုံးကို ဆံဖျားမှ ခြေဖျားတိုင်အောင် ကြည့်လိုက်ပြီး မျက်မှောင်ကျုံ့သွားသည်။

သူ့မျက်စိထဲတွင် တူမချောကလေးသည် ယနေ့ အထူးပို၍ ချောသည်ထက် ချော၊ လှသည် ထက် လှနေပါသည်။

တရုတ်ဖဲ ကြက်ဥနှစ် ရောင်၏ ဝမ်းဆက် လက်ပွအင်္ကျီကလေးပေါ်တွင် အဖြူ ရောင် ဇာဝေ့စ် ကုတ်ကို ဝတ်ဆင်ထားသည်။

ခြေထောက် ဖောင်းဖောင်းဝင်းဝင်း လှလှကလေးတွင် အဖြူရောင် ကြိုး သိုင်းဖိနပ်ကလေး စီးထားသည်။

ပခုံးတွင် စလင်းဘက် အနက်ကလေးကို ချိတ်ဆွဲထားသည်။

ခါးလယ်ကျော်ရှည်သော နက်မှောင် ရှင်သန်လှသည့် ဆံပင်ကို ဖားလျားချ၍ ဆံညှပ်လှလှ အဖြူကလေး တစ်စုံကို ဦးခေါင်းတစ်ဘက် တစ်ချက်စီတွင် တပ်ဆင်ထားသည်။

စိုစို ဖူးဖူး နှုတ်ခမ်းလှလှကလေးပေါ်တွင် ပန်းနုရောင် နှုတ်ခမ်းဆိုးဆေးကလေးကို လိမ်း ခြယ်ထားသည်။

ဝင်းဝါစိုပြည်နေသော မျက်နှာပေါ်ရှိ မျက်ဝန်းလှလှကလေးတွင် လိုင်နာနက်နက်ကလေးက ပီပြင်ပေါ်လွင်နေသည်။

အားလုံး အလှတွေ ကို စုလိုက်တော့ မြတ်ဝင့်မိုကို တစ်ကိုယ်လုံး ဆံဖျားမှ ခြေဖျားတိုင် အောင် အလှတွေ ဝေနေသည်။

'အို. . . ဘာတွေ များ ဒီလောက်တောင် ကြည့်နေတာလဲ ဒေါ်လေးညိုရဲ့. . . ဝင့်မို မနေ တတ်တော့ဘူး. . .'

မြတ်ဝင့်မို အမှန်တကယ်ပင် ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

'စဉ်းစားနေတာ. . .'

'ဘာကိုလဲ ဟင်. . .'

'ဝင့်မိုကို ဒီပုံစံနဲ့ ဒေါ်လေး ဘတ်စ်ကားနဲ့ ခေါ်မသွားချင်ဘူး. . .'

'အို. . . ဝင့်မို ခါတိုင်းလဲ ဒီလိုပဲ ဝတ်ဆင်နေကျပါ. . . ဘာဆန်းနေလို့လဲ ဒေါ်လေးညိုရဲ့. . .'

'အဲဒါတော့ မသိဘူးအေ. . . ဒီနေ့ ငါ့တူမလေး ငါ့မျက်စိထဲမှာ သိပ်လှနေတယ်ဆိုတာပဲ သိတယ်. . . ဒီတော့ သုခလမ်းထိပ်ရောက်ရင် အငှားကား ငှားစီးသွားမယ်. . .'

'အို. . . မဟုတ်တာ. . . ဒေါ်လေးရယ်. . . အလုပ်ကဖြင့် ဘယ်နေမှန်း မသိသေးဘူး. . . ငွေက ထွက်ရဦးမယ်. . . တော် ကြာ တစ်လစာ သုံးမလောက် ဖြစ်နေပါ့မယ်. . .'

'အိုအေ. . . မတတ်နိုင်ဘူး နောင်ခါလာ နောင်ခါဈေးပဲ ကဲ. . . ကဲ. . . ဆင်းတော့. . .'

'မိုမို မိစိုးဖို့ မုန့်ဝယ်ခဲ့နော်. . .'

'အေး အေး. . . ဝယ်ခဲ့မယ်. . . ကောင်းကောင်းနေ ကြားလား. . .'

'ဟုတ်ကဲ့. . .'

ကလေး တသီကြီးသည် အိမ်ဝင်ဝမှနေ၍ ဒေါ်ခင်ညိုနှင့် သူတို့ မမ မြတ်ဝင့်မို ထွက်သွား သည်ကို မျက်စိတစ်ဆုံးပင် ကြည့်၍ ကျန်ရစ်ခဲ့သည်။

♥♥♥

(လေး)

စိတ္တသုခလမ်းထိပ်မှ သုခလမ်းအထိ တူအရီးနှစ် ယောက် လမ်းလျှောက်ခဲ့သည်။

တစ်လမ်းလုံး တွေ ့တွေ ့သမျှ ကျားမ အရွယ်မရွေး မြတ်ဝင့်မိုကို မကြည့်သူဟူ၍ မရှိခဲ့။

မြတ်ဝင့်မိုက ပါရမီ ထူးကဲစွာ လှလွန်းနေသည်ကိုး. . .။

သုခလမ်းထိပ်တွင် ဆယ်မိနစ်ခန့် စောင့်ဆိုင်းသော အခါ အငှားလေးဘီးယာဉ်တစ်စီးကို ရလိုက် သည်။

ငွေအစိတ်နှင့် ဈေးတည့်သွား၏ ။

ငွေအစိတ်ကြီးများ တောင် သူ့အတွက် ထွက်ရတော့မည် ကို တွေ းကာ မြတ်ဝင့်မို စိတ် မကောင်း ဖြစ် သွားမိသည်။

'ငွေအစိတ်ကို မနမြောနဲ့ ဝင့်မို. . . ဟိုမှာ ကြည့်စမ်း ကားပေါ်မှာ လူတွေ က ငါးပိသိပ် ငါးချဉ် သိပ်၊ တူမလေး ဘယ်လိုစီးမလဲ. . . ပြီးတော့ ကားကျပ်ရတဲ့အထဲ မသမာတဲ့ ယောက်ျားတွေ ကလဲ မိန်းကလေးပါလာရင် မထိခလုတ် ထိခလုတ် လုပ်ချင်ကြတယ်. . .

ဒါ. . . ဒေါ်လေးက လျှော့ပြောတာ. . . ဒီထက်တောင် ဆိုးဆိုးဝါးဝါး ရှိသေးတယ်.

. . နမ သားချင်း စာနာတတ်တဲ့ ယောက်ျားတွေ က ရှားတယ် တူမလေးရဲ့ . . .'

မြတ်ဝင့်မိုးလည်း ကြားဖူးနားဝရှိထားသူမို့ ဒေါ်လေးပြောသမျှကို ဆိတ်ဆိတ်သာ နားထောင်နေလိုက်သည်။

အချိန်မီနစ် နှစ် ဆယ်ခန့်ပင် မကြာပါလေ။ ရွှေဘုံသာလမ်းရှိ သီရိမင်္ဂလာ ဆေးတိုက်ရှေ့သို့ ကားကလေးဆိုက်ရောက်သွားသည်။

'ဒေါ်လေး ဝင့်မို ပေးမယ် . . .'

'အသာနေစမ်း . . . ကိုယ့်မုန့်ဖိုး ကိုယ်သိမ်းထား . . .'

ဒေါ်လေးညိုက မြတ်ဝင့်မို၏ လက်ကို ပုတ်ထုတ်လိုက်သဖြင့် စလင်းဘက်ကို မြတ်ဝင့်မို မဖွင့် ဖြစ်တော့ . . .

'လာ . . .'

ဒေါ်လေးညိုက တူမချော၏ လက်ကို ဆွဲကာ ကားလမ်းကို ကူးလိုက်သည်။

ဆေးတိုက်စာရေး က မြတ်ဝင့်မို၏ လက်ထဲမှ သတင်းစာလိပ်ကလေးကို တွေ့လိုက်ရလျှင် သဘောပေါက်သွား၏ ။

'အလုပ်လျှောက်ဖို့လာတာမဟုတ်လား ဆရာကြီးရဲ့ . . . အထဲမှာ တစ်ယောက် ရှိနေတယ်၊ သူ ထွက်လာတော့ ဒီက ညီမ ဝင်ပေါ့ . . . ထိုင်ပါဦး . . .'

'ဟုတ် . . . ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် . . .'

မြတ်ဝင့်မို ရင်တွေ တဒိုင်းဒိုင်း ခုန်နေသည်။

'အထဲက . . . ငါ့ အရင်ရောက်တဲ့လူ ဒုက္ခပဲ . . .'

တူမ ဖြစ်သူ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်နေသော ဒေါ်ခင်ညိုက အေးစက်နေသော လက်ကလေးကို ဆွဲဆုပ်ကာ အားပေးလိုက်သည်။

'ဩော် . . . ငါ့တူမလေး အလုပ်မရမှာ သိပ်ကြောက်နေရှာတယ် . . . လက်ဖျားတွေ

ကို အေး လို့ပါလား. . .'

ဆယ့်ငါးမိနစ်ခန့်ကြာသော အခါ အခန်းတစ်ခုအတွင်း မှ အသက်အစိတ်သုံးဆယ်ခန့်ရှိ အမျိုးသမီးတစ်ဦး ထွက်လာ၏ ။

'ဟို ညီမလေး ဝင်နိုင်ပြီ. . .'

စာရေး က သူ့ထိုင်ခုံမှနေ၍ လှမ်းပြောလိုက်သဖြင့် မြတ်ဝင့်မို ထရပ်လိုက်သည်။

ဒူးတွေ က တဆတ်ဆတ်တုန်နေ၏ ။

ရင်တွေ ခုန်နေလိုက်သည်မှာ လည်း မတရား. . .။

ဒေါ်ခင်ညိုက တူမလက်ကို ဆွဲကာ နားရွက်တံခါးကို တွန်းဖွင့်၍ ရှေ့က ဝင်လိုက်သည်။

သပ်ရပ်စွာ ခင်းကျင်းထားသော စားပွဲရှေ့ရှိ ဆုံလည်ကုလားထိုင်တွင် ထိုင်နေသော သူသည် ဝင်လာသူတွေ ကို ဂရုမစိုက်သေးဘဲ တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်ကာ လှည့်ဟန်ပြုလိုက်သည်။

'ဒေါက်တာ ကိုကို. . . အဲ. . . ဒေါက်. . . ဒေါက်တာ. . .'

'ဟင်. . .'

မြတ်ဝင့်မိုသည် ဒေါက်တာ စွမ်းထက်နိုင်ကို ကြည့်ကာ မရည်ရွယ်ဘဲ ခေါ်မိလျက်သား ဖြစ်သွား၏ ။

'ဟင်. . . ဟင်. . . မင်း. . . မင်း. . . ဝင့်မိုကလေး. . . မဟုတ်လား. . .'

'အို. . . ဝင့်မိုကို မှတ်မိတယ် ဟုတ်လား. . . ဝမ်းသာလိုက်တာ. . . ဝမ်းသာလိုက်တာ ကိုကိုဒေါက်တာကြီးရယ်. . .'

မြတ်ဝင့်မို၏ မျက်ဝန်းလှလှကလေးအစုံတွင် မျက်ရည်တွေ တွဲ ရွဲခိုလာ၏ ။

ဝမ်းသာလွန်း၍ ပါ. . .။

'ထိုင်. . . ထိုင်ပါ မြတ်ဝင့်မို. . . ထိုင် ဒေါ်ခင်ညို. . . အင်း. . . ပြန်တွေ့ကြရတာ ဝမ်းသာ တယ်ဗျာ. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် ပထမတော့ အလွန်အကဲ ဝမ်းသာသွားဟန်ရှိသော်လည်း ချက်ချင်း မျက်နှာကြီးတည်ပစ်ကာ မြတ်ဝင့်မိုကိုပင် ဝင့်မိုကလေးဟု ခေါ်နေကျမှ မြတ်ဝင့်မိုဟု ခေါ် လိုက်သည်။

စိမ်းပြင်ပြင် နိုင်သွားသည်ဟု မြတ်ဝင့်မို ထင်မိသည်။

'မြတ်ဝင့်မိုတောင် အပျိုကြီးဖားဖား ဖြစ်နေပြီပဲ. . . ဒါနဲ့ ဘယ်လို. . . ဘယ်လို ဒီဆေးတိုက် ကို ရောက်လာကြတာလဲ. . .'

ဒေါက်တာ စွမ်းထက်နိုင်က သူ့ရှေ့မှ စီးကရက်ဘူးကို လှမ်းယူ၍ တစ်လိပ်ထုတ်ယူရင်း မေးလိုက်သည်။

မြတ်ဝင့်မိုသည် သူ့ဒေါက်တာကိုကို့ကို ကြည့်ကာ ဆွံ့အသလို ဖြစ်နေ၏ ။

'ဒေါက်တာ့ ညီမကလေ သတင်းစာထဲက ကြော်ငြာကိုတွေ့ပြီး အလုပ်လျှောက်ချင်လှ တယ်ဆိုလို့ ခေါ်လာခဲ့ရတာ . . . သူက ဒေါက်တာ စွမ်းထက်နိုင်ဆိုတဲ့ နာမည် ကို တွေ့လိုက် ကတည်းက သူ့ဒေါက်တာပါပဲလို့ တပ်အပ်ပြောနေတာ ရှင့်. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် နှုတ်ခမ်းတွန့်ရုံကလေးသာ တွန့်သည့် အပြုံး ဖြင့် နယ်လှပ လွန်းသော မြတ်ဝင့်မို၏ မျက်နှာလေးကို လှမ်းကြည့်လိုက်သည်။

'သြော်. . . အလုပ်လာလျှောက်တာကိုး. . . အင်း. . . မြတ်ဝင့်မိုကို ပြန်တွေ့ရတာ ကိုယ် သိပ်ဝမ်းသာပါတယ်. . . ဒါပေမယ့် ကလေးက ကလေးကို ပြန်ထိန်းသလို ဖြစ်နေမှာ စိုးရတယ် မ ဖြစ်သင့်ဘူးထင်တယ်ကွယ့်. . .'

ပုလဲ နားသံဘီးကလေးနှင့် ကလေးရုပ်ပေါက်နေသော မြတ်ဝင့်မိုကို ကြည့်ကာ သူက ပြော လိုက်သည်။

'အိုး. . . ဝင့်မို ကလေးမဟုတ်တော့ပါဘူး. . . ဒေါက်တာကိုကို. . . အဲ. . .

ဒေါက်တာ. . .’

‘အဟင်း. . . ဟင်း. . . နှုတ်ကျိုးနေသလိုသာ ဆက်ခေါ်နိုင်ပါတယ် မြတ်ဝင့်မို. . . ကဲ. . . ဆိုစမ်းပါဦး ကလေးမဟုတ်ဘူးဆိုတော့ ဘယ်လောက်ကြီး လူကြီးမကြီး ဖြစ်နေပြီလဲဟင်. . .’

‘ဝင့်မို အင်္ဂလိပ်စာ အဓိကနဲ့ ဘွဲ့ရပြီးပါပြီ. . . ကိုကိုဒေါက်တာ. . .’

‘အိုး. . .’

ဒေါက်တာ စွမ်းထက်နိုင်၏ ထူထဲနက်မှောင်သော မျက်ခုံးတစ်ဘက် အထက်သို့ မြင့်တက် သွား၏။

အလွန်အံ့သြသွားသည့်ဟန်. . .။

‘ပြီးတော့ ဝင့်မို အသက် နှစ် ဆယ့်သုံးနှစ် ပြည့်တော့မှာ ပါ. .. ဆက်ကင်းလင်းဂဝေ့(ချ်) အနေနဲ့ ဝင့်မို ဂျပန်စာနဲ့ စကားလဲ သင်ထားပါသေးတယ်. . . ပြီးတော့ အိမ်တွင်းမှု သိပ္ပံလဲ တက်ထားပါတယ်. . .’

‘အိုး. . . တယ်ဟုတ်ပါလား. . . မြတ်ဝင့်မို ဒီလောက်ကြီးများ တောင် တက်နေပြီလား. . .’

‘ဟုတ်ကဲ့. . . သူ့အဖေသာ ဆုံးမသွားရင် ဝင့်မိုလေးဟာ သူ့အဖေ ဆန္ဒရှိတဲ့အတိုင်း ဆရာဝန်မကြီး ဖြစ်ချင် ဖြစ်မှာ ပါ ဒေါက်တာ. . .

ခုတော့ စီးပွားကပျက်. . . အဖေကဆုံးနဲ့. . . ဒီကြားထဲက မ ဖြစ်မနေ ကြိုး စားခဲ့လို့ ဘွဲ့ တစ်ခုတော့ ဝင့်မို ရခဲ့ပါတယ်. . . အဖော်အဆွယ်ကောင်းလို့ ဂျပန် သွားမယ်တကဲကဲ လုပ်နေတာ၊ မနည်း တားထားရတယ် ဒေါက်တာ. . .’

ဒေါ်ခင်ညိုက ဝင်ပြောလိုက်သည်။

‘အို. . . ဦး ဆုံးသွားပြီ ဟုတ်လား. . . ကြားရတာ စိတ်မကောင်းလိုက်တာဗျာ. . . ဘယ် လောက်ကြာပြီလဲ. . .’

‘ဝင့်မို ဆယ်တန်း ဖြေခါနီး ဆဲဆဲပေါ့. . . ဒေါက်တာရယ်. . . သူ့သဘော်ာ ကမ်းလွန်ပင်လယ် မှာ မြုပ်သွားကတည်းက သူ့ သမီးအတွက် ရှေ့ကြိုက်တွက်ထားတာတွေ စုန်းစုန်းမြုပ်ကုန်ပါပြီဆို ပြီး စိတ္တဇစိတ်နဲ့ လုံးပါးပါးသွားတာပဲ. . .

ကျွန်မလဲ အစ်ကိုကြီးဆုံးတော့ ကိုကောင်းကိုပါ. . . ရန်ကုန်ကို အလုပ်ပြောင်းရွှေ့ခွင့် လျှောက်ထားပြီး တူမလေးနဲ့ လာနေရတော့တာပေါ့. . . ဝင့်မို ပညာရေး ဆက်သင်ဖို့က အရေး ကြီး တယ် မဟုတ်လား. . .’

‘ခု ဘယ်မှာ နေကြတာလဲ. . . ဒေါ်ခင်ညို. . .’

‘စိတ္တသုခလမ်းက ဝင့်မိုတို့ တိုက်မှာ ပဲပေါ့ ဒေါက်တာ. . . အတွင်း ပစ္စည်း ကျန်တာလေးတွေ ထုခွဲပြီး ဝင့်မို ပညာရေး အတွက် အသုံးချတယ်. . .

တိုက်ကိုတော့ ဝင့်မိုအတွက် အတတ်နိုင်ဆုံး ထိန်းသိမ်းထားခဲ့ရပါတယ်. . . ခုလဲ ဝင့်မို ကျောင်းဆရာမ ဝင်လုပ်ဖို့ ပညာရေး ဌာနမှာ အလုပ်လျှောက်ထားပါတယ်. . .

ဟိုက မခေါ်ခင်စပ်ကြား ဒေါက်တာ့ဆီမှာ လုပ်ချင်လှတယ်လို့ ပူဆာတာနဲ့ ခေါ်ခဲ့ရတာ ပဲ ဒေါက်တာ. . .’

‘သြော်. . . အင်း. . . အင်း. . . အင်း. . .’

အကြင်နာ မျက်ဝန်းကြီးဖြင့် ဒေါက်တာ စွမ်းထက်နိုင်သည် သူ့ကို ငေးငေးကလေး ကြည့် နေသော မိန်းမလှကလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

‘ဒေါက်တာက သိပ် နေစိမ့်တယ်နော်. . . ဝင့်မို ကတော့ တစ်နေ့မှ သူ့ ဒေါက်တာကိုကိုကို သတိမမေ့ဘူးရှင့်. . .’

‘အင်း. . . အပြစ်တင်ရင်လဲ ခံရမှာ ပဲ ဒေါ်ခင်ညိုရေ. . . ကျွန်တော် လဲ နိုင်ငံခြား ပညာတော် သင်သွား. . . ပြန်လာတော့ ထရန်စဖာကျတဲ့ မြို့ တွေ ကို ပြောင်းရ ရွှေ့ရ. . .

ပြီးတော့ ရန်ကုန် ပြန်ရောက်တော့လဲ အလုပ်တွေ က ဇယ်ဆက်သလို ဖြစ်နေပြန်တော့ ကျွန်တော့်မှာ အားလပ်တဲ့ အချိန်ရယ်လို့ မရှိတော့ဘူးလေ. . . ခု

ကျွန်တော့်ဘဝက အလုပ်ထဲမှာ ပဲ နစ်မြုပ်နေတယ်ဗျ. . .'

'ဒါနဲ့ ဒေါက်တာ့ ဇနီးနဲ့ သမီးက ဒီ ရန်ကုန်မှာ ပဲ ပေါ့နော်. . .'

'ကျွန်တော် အိမ်ထောင်မကျသေးပါဘူး ဒေါ်ခင်ညို. . .'

'ဟင်'

လက်ချောင်းကလေးများ ကို စိတ်လှုပ်ရှားစွာ ခေါင်းငုံ့၍ ပွတ်ခြေနေရာမှ မြတ်ဝင့်မို၏ ခေါင်း ကလေး ဆတ်ခနဲ ပြန်ထောင်လာ၏ ။

'ဒါ. . . ဒါဖြင့် ကလေးက. . .'

မြတ်ဝင့်မို အလိုလို မေးမိလျက်သား ဖြစ်သွားသည်။

'စူးစူးက ကိုယ့်ညီမ ဖြူနွဲ့ဝတီရဲ့ သမီး. . . ကိုယ့်တူမလေးပါ မြတ်ဝင့်မို. . . အသက် ခြောက်နှစ် ပဲ ရှိသေးတယ်. . .'

'စူးစူးက သိပ် ကံဆိုးတယ်. . . ရင်ခွင်ပိုက်အရွယ်မှာ ပဲ သူ့ အဖေနဲ့ အမေ ကားချင်းတိုက်လို့ ဆုံးသွားကြရှာတယ်. . . စူးစူး ကတော့ သေကံမရောက် သက်မပျောက်ခဲ့ဘူး. . . ဆိုပါတော့. . .'

'အို. . .'

' ဖြစ်ရလေ ရှင်. . .'

'ကိုယ် စူးစူးကို ချစ်လဲ သိပ်ချစ်တယ်. . . သနားလဲ သိပ်သနားတယ်. . . သူ့အတွက် တာဝန်ကြီးကလဲ ကိုယ့်အပေါ်မှာ ပိနေတယ်လေ. . . လူတွေ ခေါ်တာ များ လှပါပြီ. . . စူးစူး ဒဏ်ကို မခံနိုင်ကြလို့ လူပြောင်းခဲ့ရတာ များ ပြီ. . . ခုလဲ လူမရှိတော့လို့ အမြန်လူခေါ်နေရတာ ပဲ. . .'

'စူးစူးကို ဝင့်မို ကြည့်ရှုစောင့်ရှောက်ပါရစေ ကိုကို ဒေါက်တာ. . .'

'မြတ်ဝင့်မိုက ငယ်လွန်းနေတယ် ထင်တယ်ကွာ. . .'

'ဝင့်မိုက ငယ်ပေမယ့် ကလေး အထိန်းအကွပ်နဲ့ သွန်သင်မှု ကတော့ သိပ်ကောင်းပါတယ် ဒေါက်တာ. . . ကျွန်မမှာ သားသမီး ရှစ်ယောက် တောင် ရှိနေပါပြီ. . . ဝင့်မို ကလေးထိန်းကျောင်း သွန်သင်မှု ကောင်းလွန်းလို့ ကျွန်မ ကလေးတွေ အားလုံး လိမ္မာရေး ခြား ရှိကြတယ်. . .

ကျောင်းမှာ လဲ စာတော် ကြတယ်. . . အင်္ဂလိပ် စကားပြောတောင် အကြီးနှစ်ကောင် ကောင်းကောင်း တက်နေကြပြီ. . .

ကလေး တစ်ယောက် လိမ္မာရေး ခြားရှိဖို့ သွန်သင်ပေးရမယ့် နေရာမျိုးမှာတော့ ဝင့်မိုကို ဘယ်သူမှ မမီဘူးလို့ ကျွန်မ ထင်ပါတယ်. . .'

ဒေါ်ခင်ညို၏ စကားအဆုံးတွင် တစ်ချိန်လုံး တည်တည်ကြည်ကြည် ဖြစ်နေသော ဒေါက်တာစွမ်းထက်နိုင်၏ မျက်နှာပေါ်တွင် ပြည့်ပြည့်ဝဝကြီး အပြုံး ပီပြင်လာ၏ ။

'ဒေါ်ခင်ညိုပြောပုံက သိပ် ကောင်းနေတော့ မြတ်ဝင့်မိုကို ရွေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက် ပါပြီ. . .'

'အို. . . ဝင့်မို. . . ဝင့်မို. . . ဝမ်းသာလိုက်တာ. . .'

အေးစက်စက် လက်ကလေးဖြင့် ဝင့်မိုသည် အဒေါ် ဖြစ်သူ၏ လက်ကို လှမ်း၍ ဆုပ်ကိုင် လိုက်သည်။

'ကြည့်စမ်းပါဦး ဒေါက်တာရယ်. . . အလုပ်မရမှာ စိုးလို့ စိတ်တွေ လှုပ်ရှားပြီး လက်ဖျားတွေ အေးနေတာ. . . ရေခဲစိမ်ထားတဲ့ အတိုင်းပဲ. . .'

'မြတ်ဝင့်မိုက သိပ် အိပ်ဆိုက်တတ် ဖြစ်တာကိုး. . . ကဲ. . . ကဲ စိတ်အေးအေးထားပြီး အိမ် ပြန်ပြီးတော့ အဝတ်အစားနဲ့ မြတ်ဝင့်မို လိုတဲ့ အသုံးအဆောင်တွေ အသင့်လုပ်ထား. . . ညနေ ဆေးတိုက်ပိတ်ရင် မြတ်ဝင့်မိုကို ဝင်ခေါ်မယ်. . . ဒီနေ့ပဲ စအလုပ်ဝင်ရမှာ . . . အစားအသောက်နဲ့ နေစရာ အငြိမ်း လစာ လေးရာ ပေးမယ်. . .

သဘောတူကြသလား ဟင်. . .'

'အို. . . တူပါတယ် ကိုကို ဒေါက်တာ. . . များ တောင်နေပါဦးမယ်. . .'

'မများ ပါဘူး. . . စုးစုးကို မတွေ့သေးလို့ ဒီစကားပြောတာပါ. . . ခြောက်ရာပေးတာတောင် ထွက်ပြေးတဲ့လူ ရှိတယ်. . .'

'အို. . . ဝင့်မို ကတော့ ဘယ်တော့မှ မပြေးဘူး. . . ဘယ်လောက်ဆိုးဆိုး နိုင်အောင် ထိန်းပြ မယ်. . .'

'အင်း. . . ကြည့်ရသေးတာပေါ့ မြတ်ဝင့်မို. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် အပြုံး ဝင့်ဝင့်ဖြင့် ပြောရင်း သူ့ရှေ့က လူခေါ်ခေါင်းလေးဖု ကလေးကို နှိပ်လိုက်သည်။

'ဟုတ်ကဲ့. . . ဆရာ. . .'

ဆေးတိုက်စာရေး ရောက်လာ၏ ။

'မောင်ထွန်း. . . အလုပ်လာလျှောက်တဲ့လူ လာရင် လူ ရသွားပြီ ပြောလိုက်. . .'

'ဟုတ်ကဲ့. . . ဆရာကြီး. . .'

ဆေးတိုက်စာရေး သည် မြတ်ဝင့်မိုထံသို့ ဝေ့ခနဲ တစ်ချက်ကြည့်လိုက်ပြီး အပြင်သို့ ပြန်ထွက်သွား၏ ။

'ဒါဖြင့် . . . ဝင့်မိုတို့ သွားတော့မယ်. . .'

'အင်း. . . အင်း. . .'

ဒေါက်တာစွမ်းထက်နိုင်က စီးကရက်တိုကို ပြာခွက်ထဲတွင် ထိုးခြေရင်း ဦးခေါင်း တဆတ် ဆတ်ညိတ်ပြလိုက်သည်။

ဆေးခန်းထဲမှ ထွက်ရန် ထအလာတွင် ဆေးခန်းထဲသို့ပင် ဆယ်လ်ယီး ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက်ဖြင့် ဝင်ရောက်လာသူကို မြတ်ဝင့်မိုတို့ တူဝရီးနှစ် ယောက်

တွေ့လိုက်ကြရ၏ ။

ဖြောင့်ဖြောင့်တောင့်တောင့်နှင့် အလွန်လှသော မိန်းမ တစ်ယောက် ။

ဝင်လာသူကလည်း သူတို့နှစ် ဦးအနက် မြတ်ဝင့်မိုပေါ်တွင် မျက်လုံးကြာကြာ စူးနစ်သွား သည်။

ပြီးတော့ ရဲရဲတွတ်နေသော နှုတ်ခမ်းလှလှကို ပြည့်ပြည့်ဝဝကြီး ပြုံး ကာ ဒေါက်တာ စွမ်းထက်နိုင်ရှိရာသို့ မျဉ်းတစ်ဖြောင့်တည်း သွား ခြေလှမ်းများ ဖြင့် လျှောက်သွား၏ ။

'ကိုစွမ်း. . .'

'ထိုင်. . . သဉ္ဇာ. . .'

ကိုစွမ်းတဲ့. . .။ ထိုအမျိုးသမီး ချောချောလှလှ ဖြောင့်ဖြောင့် တောင့်တောင့်၏ နောက်ဆက် တွဲ စကားများ ကို မကြားခဲ့ရသော် လည်း တစ်ခွန်းတည်း ခေါ်လိုက်သည့် ဒေါက်တာ စွမ်းထက်နိုင်၏ အမည် ကိုတော့ မြတ်ဝင့်မို၏ နားထဲတွင် စွဲမြဲ၍ လာခဲ့သည်။

'သူ. . . သူ. . . ဘယ်သူလဲ မသိဘူးနော်. . . ဒေါ်လေးညို. . . လှူကလဲ ဖြောင့်ဖြောင့်. . . တောင့်တောင့် ဝတ်စားထားလိုက်တာလဲ လန်ပျံနေတာပဲ. . .'

'ဟဲ့. . . ခေါ်တာကိုက ကိုစွမ်းဆိုတော့ သူက ဒေါက်တာစွမ်းထက်နိုင်ရဲ့ အရင်းနှီးဆုံး မိန်းမ တစ်ယောက် ထဲက ဖြစ်ရမှာ ပေါ့. . . ပုံပန်းသဏ္ဌာန် ကတော့ အမျိုးအဆွေထက် ထူးပုံရတယ်'

အဒေါ် ဖြစ်သူ၏ စကားများ က မြတ်ဝင့်မို၏ ရင်ကို ပိုမို၍ တင်းကျပ်သွားစေ၏ ။

'ကိုကို့မှာ ဇနီးမယား မရှိသေးပါဘူးဆိုလို့ ငါ့မှာ ဝမ်းသာသွားလိုက်ရတာ . . . ခု. . . ခုတော့ ဒီဝမ်းသာစိတ်တွေ ထွက်ပြေးကုန်ပါပြီ. . .

ကိုကိုဟာ ဒီအသက်အရွယ် ရောက်နေပြီဆိုတော့ ဇနီးမယား မရှိသေးပေမယ့် ရည်ရွယ် ထားတဲ့ လူတော့ ရှိနေမှာ ပေါ့. . . ဩော်. . . ကိုကိုရယ် မြတ်ဝင့်မို

ကံဆိုးလွန်းလှပါတယ်. . .’

‘ဒီ မိန်းမရုပ်ကို အကဲခတ်ရတာ အထည်ကြီးထဲက ဖြစ်ပြီး မာန်ရှိပုံရတယ်. . .’

‘ဟုတ်တယ်နော်. . .’

‘ကဲ. . . ကားငှားကြရအောင်. . . တူမကြီး. . .’

‘ခဏနေပါဦး. . . ဒေါ်လေးညို. . .’

မြတ်ဝင့်မိုက အဒေါ် ဖြစ်သူ၏ လက်ကို လှမ်းဆွဲထားလိုက်သည်။

‘ဟဲ့. . . ဘာလုပ်ဦးမလို့လဲ. . .’

‘ဝင့်မို စုထားတဲ့ ပိုက်ဆံကလေးတွေ ပါ ပါတယ်. . . အလုပ်ရတဲ့ အထိမ်းအမှတ်နဲ့ ညီမလေး တွေ မောင်လေးတွေ ဖို့ တစ်ခုခု စားစရာ ဝယ်သွားချင်တယ်. . . မိုလ်ချုပ်ဈေးဘက် ကူးကြရ အောင်ပါ ဒေါ်လေး. . .’

‘ဝင့်မိုရယ် အပိုတွေ ကုန်အောင်လို့. . .’

‘ဟင့်အင်း. . . ဝယ်မှာ ပဲ. . . ဒေါ်လေး. . . လိုက်ရမယ်. . . ဒေါ်လေးနဲ့ ဝင့်မိုလဲ ကျောက် ကျောရွှေရင်အေး သောက်ကြရအောင်လို့ပါ. . .’

သည်တစ်ခါတော့ တူမချောကလေး ဆွဲခေါ်သွားရာသို့ ဒေါ်ခင်ညို လိုက်ပါသွားခဲ့ရသည်။

‘အင်း. . . ကိုကိုနဲ့ပတ်သက်လို့ အိမ်က စထွက်လာကတည်းက ခံယူချက်မျိုး ငါ ပြန်ထား လိုက်ပါတော့မယ်လေ. . . ကိုကိုဟာ ငါ့ရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲက ရွှေမင်းသားအ ဖြစ်က လွဲလို့ ဘယ်လိုမှ ပိုမလာနိုင်တော့ပါဘူး. . .’

မြတ်ဝင့်မိုသည် ဝေ့ခနဲ ဝဲသွားသော မျက်ရည်များ ကို မျက်တောင်ကော့ကော့ကြီးများ တဖျပ်ဖျပ်ခတ်၍ အဒေါ် ဖြစ်သူနှင့် မျဉ်းကျားကို ဖြတ်လိုက်သည်။

♥ ♥ ♥

(ငါး)

'ခုနက ထွက်သွားတာ ပေးရှင့်တွေ လား ကိုစွမ်း. . .'

မြသဥ္ဇာက သူ့လက်ထဲက လက်ပွေ့အိတ်ကြီးကို ဒေါက်တာ စွမ်းထက်နိုင်၏ စားပွဲပေါ်တွင် တင်ပြီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

'အဟွန်း. . . ပေးရှင့် မဟုတ်ပါဘူး. . . စူးစူးအတွက် အလုပ်လာလျှောက်တဲ့ မိန်းကလေးပါ'

'အင်း. . . ဟုတ်လား. . . သူ့ကို ကိုစွမ်း မရွေးလိုက်ဘူး မဟုတ်လား. . .'

'ရွေးလိုက်တယ်. . .'

'ဟင်. . . ရွေးလိုက်တယ်. . .'

မြသဥ္ဇာ၏ မျက်နှာပေါ်တွင် အံ့အားသင့်မှု များ ပေါ်လွင်သွား၏ ။

'ဟုတ်တယ်. . . မြတ်ဝင့်မိုကို ရွေးလိုက်တယ် မြသဥ္ဇာ. . .'

'အို. . . ကိုစွမ်းကလဲ ဒီကောင်မလေးက ချာတိတ်ကလေးပဲ ရှိသေးတာ. . . စူးစူးကို နိုင်နိုင်နင်းနင်း ထိန်းနိုင်မတဲ့လား. . . မဟုတ်သေးပါဘူး. . .'

မြသဥ္ဇာသည် အလိုမကျဟန်ဖြင့် ပြောလိုက်သည်။

'မြတ်ဝင့်မိုက သူ့အဒေါ် ဒေါ်ခင်ညိုမွေးထားတဲ့ ကလေးရှစ်ယောက် ကို နိုင်နိုင်နင်းနင်း ထိန်းလာတာကြာပြီ မြသဥ္ဇာ. . . ပြီးတော့ အင်္ဂလိပ်အမိကနဲ့ ဘွဲ့ရပြီး ဂျပန်ဘာသာစကား တတ် ထားတဲ့ သူ တစ်ယောက် . . . အကောင်သေးလို့ အထင်တော့ မသေးလိုက်နဲ့. . . သိပ်တော် တဲ့ ကောင်မလေး. . .'

'အောင်မယ်လေး. . . သူက ညွှန်းနေလိုက်တာ အတွင် းသိ အဆင်းသိ ကျနေတာပဲ. . . ခုမှ မြင်ဖူးတဲ့ လူကို. . .'

'မြတ်ဝင့်မိုကို ကိုစွမ်း သိခဲ့တာ ခုမှ မဟုတ်ဘူး. . . မြသဥ္စာ. . . မြတ်ဝင့်မိုကလေး ဆယ့်လေးနှစ် သမီးကတည်းက သိခဲ့တာ. . . ပြည်မှာ တာဝန်ကျတုန်းက ကိုယ့်သွေးကို သွင်းပြီး အသက်လုပေးခဲ့ရတယ်ဆိုတာ သူပဲပေါ့ မြသဥ္စာ. . .'

'ဩော်. . . ဇာတ်လမ်းလေးက ဒီလိုကိုး. . . အင်းလေ. . . စူးစူးရဲ့ ဒဏ်ကို ဒီဟာမလေး ဘယ်လောက် ခံနိုင်မယ်ဆိုတာ ကြည့်ရသေးတာပေါ့. . .'

မြသဥ္စာ၏ ရင်ထဲတွင် မနာလိုစိတ်တွေ ပြည့်လျှံနေ၏ ။

ပျို့မျက်နှနယ်၍ လှပလွန်းသော မြတ်ဝင့်မိုကလေးကို ဒေါက်တာစွမ်းထက်နိုင်နှင့် တစ်မိုး အောက်တည်းအတူနေပြီး တစ်ရေတည်း မသောက်စေချင်ပါ။

သည်လို ချောချောလှလှကလေးကို မဆိုထားနှင့် မိန်းမမှန်လျှင် အရွယ်ကောင်းဆိုလျှင် လှလှ မလှလှ ချောချော မချောချော စွမ်းထက်နိုင်နှင့် ရင်းနှီးသည်ကို သူ မလိုလားခဲ့ပါ။

စွမ်းထက်နိုင်အတွက် မိန်းမဆိုလျှင် သူ တစ်ယောက် တည်းသာ ရှိရမည်၊ ဖြစ်ရမည် ဟု မြသဥ္စာက မှတ်ယူထားသူ ဖြစ်၏ ။

ခုတော့. . . သူ စွမ်းထက်နိုင်ကို မပိုင်နိုင်သေးသည်မို့ စွမ်းထက်နိုင် လုပ်သမျှကို အကြောက်အကန် ငြင်းမထုတ်နိုင်ဘဲ ဖြစ်နေ၏ ။

ရင်ထဲမှာ တော့ အူနကျွဲခတ်နေသလို ခံစားနေရ၏ ။

'ကဲ. . . ဆိုပါဦး. . . ရန်ကုန်ကို ဆင်းလာတဲ့ ကိစ္စက. . .'

'ပထမအချက်က ကိုစွမ်းနဲ့ တွေ့ချင်လို့ပေါ့. . . ဒုတိယ မအူကုန်းက မေပုလဲမှာ ဟဲ ဒရိုင် ယာ မှာ ထားတာသွားယူပြီး ဆံပင် ပုံသွင်းမလို့လေ. . .'

'ခုတောင် နှစ် နာရီကျော်နေပြီ. . . ပဲခူးကို ပြန်ဖို့နောက်ကျတော့မှာ ပဲ သဥ္စာ. . .'

'မဆန်းပါဘူး. . . ဒီခရီးကို သဥ္ဇာသွားနေကျပါ. . . ကဲ. . . အားပြီ မဟုတ်လား. . . သဥ္ဇာ ကို မအူကုန်း လိုက်ပို့ပေး. . .'

'ဟင်. . . သဥ္ဇာ ကားမပါဘူးလား. . .'

'ပါသားပဲ. . . သဥ္ဇာ့ သူငယ်ချင်း သွားစရာရှိလို့ ဆက်မောင်းသွားတယ်. . . သဥ္ဇာက ကိုစွမ်း အားကိုးနဲ့ ဆင်းကျန်ရစ်ခဲ့တာ. . .'

'ဟာ သဥ္ဇာကလဲကွာ. . . ဆေးတိုက်ဖွင့်ရက်ကြီး လူနာလာရင် ဘယ်လိုလုပ်မလဲ. . .'

'အောင်မယ်လေး. . . ဘယ်လောက်အချိန်ကြာသွားမှာ မို့လဲ. . . ကိုစွမ်းကလေ တစ်ခါ တလေ သိပ်ကပ်ဖဲ့တာပဲ. . . ဒီ ကတော့ သူ့ကို တွေ့ချင်လွန်းလို့ ပဲခူးကတောင် တကူးတက ဆင်း လာရတာ . . . နည်းနည်း များ အားနာပါဦး တော့. . .'

'အိုကေ. . . အိုကေ. . . လက်မြှောက် အရှုံးပေးပါတယ် ဒေါ်သဥ္ဇာ. . . ကဲ ထပြီးတော့ ကိစ္စရှိတာလဲ မြန်မြန်လုပ်. . . သုံးနာရီမှာ ဒီအပတ် အော်ပရေး ရှင်းလုပ်ဖို့ ချိန်းထားတဲ့ လူနာတစ် ယောက် ရှိတယ်. . .'

'ကောင်းပါပြီတဲ့ ရှင်. . .'

မြသဥ္ဇာသည် အငေါ့တူးတူးပုံစံဖြင့် ပြောပြီး လက်ပွေ့အိတ်ကို ကောက်ယူကာ ရှေ့က ထွက်သွား၏ ။

ဒေါက်တာ စွမ်းထက်နိုင်သည် အချိုးအဆစ်ကျနလှသော မြသဥ္ဇာ၏ နောက်ကျောဘက် အနေအထားကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဦးခေါင်းကို လေးတွဲ့ စွာ ယမ်းခါရင်း သူ့ကိုယ်ပေါ်မှ ဂျူတီကုတ်ကို ချွတ်လိုက်သည်။ ပြီးတော့ သူသည်. . .

တိုက်ပုံအင်္ကျီကို ပြောင်းဝတ်ပြီး ကားသော့ကို ယူကာ ဆေးခန်းတွင်းမှ ခပ်သွက်သွက် ထွက်လိုက်သည်။

'မောင်ထွန်းရေ မနေ့ကလာသွားတဲ့ ဦးစိုးထိုက်ရောက်လာရင်

ခဏစောင့်ခိုင်းနော်. . . ကိုယ် မအူကုန်းဘက် ခဏသွားမလို့. . .'

'ဟုတ်ကဲ့. . . ဆရာကြီး. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် ဆေးတိုက်ရှေ့တွင် ရပ်ထားသော သူ့ စပရင်တာ ကားဖြူဖြူကလေး၏ တံခါးသော့ ကို ဖွင့်လိုက်ပြီး အထဲသို့ဝင်ကာ တစ်ဘက်က ကားတံခါးကို မြသဥ္ဇာအတွက် ဖွင့်ပေးလိုက်သည်။

မြသဥ္ဇာ ကြော့ကြော့မော့မော့ကလေး ကားရှေ့ခန်းထဲတွင် ဝင်ထိုင်လိုက်သည်။

မြသဥ္ဇာ၏ မျက်နှာသည် ဒေါက်တာစွမ်းထက်နိုင်နှင့် ယှဉ်တွဲ ပြီး ထိုင်ရသည်ကို ကျေနပ်နေ ဟန်ဖြင့် မော်ပြီးပြုံး ရွှင်နေ၏ ။

ပီတိ သော မနသ ‌ တွေ ဖုံးလွှမ်းနေ၏ ။

သူသူငါငါ လမ်းဘေးသွားလာ နေကြသူများ ၏ မျက်လုံးများ ကလည်း ဒေါက်တာ စွမ်းထက် နိုင်နှင့် မြသဥ္ဇာတို့ကို အတွဲ ညီလှသည့် စုံတွဲ တစ်တွဲ ဟု သတ်မှတ်ကာ ကြည့်နေကြသူများ က မရှား။

'ဘွား. . . ဝတီနွယ်ဆီ ရောက်သေးလား သဥ္ဇာ. . .'

'ဒီကို ထွက်မလာခင်လေးတင် ဝင်လိုက်သေးတယ်. . .'

'ဘွားဝတီနွယ်က ဘာမှာ လိုက်သေးလဲ. . .'

ဒေါက်တာစွမ်းထက်နိုင်က ကားကို စတင်၍ မောင်းနှင်ရင်းက မေးလိုက်သည်။

'အိမ်မှာ ညီမော် ပြန်ရောက်နေပြီလား. . . ကြည့်ခဲ့ပါတဲ့. . . ပြီးတော့ စူးစူးအတွက် ပြဿ ‌ နာ ဖြစ်နေရင် လူမရှိခင်စပ်ကြား သူ့ဆီ ပို့ထားပေးပါတဲ့. . . ကျောင်းလဲ မနက်ဖြန် သန်ဘက် ပိတ်မယ် မဟုတ်လားတဲ့. . .'

'ဟာ. . . ဘယ် ဖြစ်မလဲ. . . စူးစူးက ကျောင်းတက်နေရတာ . . .'

'အောင်မယ်လေး. . . သူ့ တူမကြီး ဘီအေအိုင်အေတန်း တက်နေရတာ

ကျနေတာပဲ. . .'

'မဟုတ်သေးဘူးလေ. . . သူငယ်တန်းလဲ သူငယ်တန်း သင်ခန်းစာတွေ သင်ရဖတ်ရတာ ပဲ မဟုတ်လား. . .'

'စူးစူးက အစကတည်းကမှ စာမကျက်ခင်ရတဲ့ကြား ဘွား ဝတီဆီ ပို့ထားလို့ ဘယ် ဖြစ်မလဲ၊ အေးလေ. . . လူရကြောင်း ကိုယ် စာရေး ပေးလိုက်ပ့ါမယ်. . .'

'ညီမော် ဒီတစ်ခါ ခရီးထွက်တာ ရက်အတော် ကြာသွားပြီနော်. . .'

'သဥ္ဓာကလဲ ညီမော့်အကြောင်း မသိတာကျနေတာပဲ. . . ဒီမောင်က ဒီဆို ဟိုရောက်တဲ့ မောင်. . . ခုလဲ မြစ်ကြီးနားကနေ မချမ်းဘောအထိ ရောက်ချင်ရောက်နေမှာ . . . ဒီမောင့်ကို ခြေ ငြိမ်အောင် ဘယ်လို လုပ်ရမှန်းတောင် မသိဘူး. . .'

'အဟင်း. . . ဟင်း. . . သိပ် မပူပါနဲ့လေ. . . ဒီတစ်ခါ သီရိဂေဟာကို ညီမော် ပြန်ရောက်ရင် ကုတ်နဲ့ ကော်ထုတ်တောင် နောင် ဘယ်ကိုမှ မသွားတော့ဘူး. . . သဥ္ဓာ ကြို ဗေဒင် တွက်လိုက်ပြီ သိလား. . .'

'ဟင်. . . ဘယ်လိုကြောင့် . . .'

အံ့အားသင့်ဟန်ဖြင့် မျက်နှာကို စောင်းငဲ့ကြည့်ရင်း ဒေါက်တာ စွမ်းထက်နိုင်က မေးလိုက် သည်။

'စူးစူးရဲ့ အထိန်းတော် ရွှေမင်းသမီးကလေး ရှိနေလို့ပေ့ါ. . .'

ဒေါက်တာ စွမ်းထက်နိုင်၏ ရင်ထဲတွင် ဗုံးကွဲသွားသလို ခံစားလိုက်ရ၏ ။

စိုးရိမ်စိတ်တွေ လည်း တစ်ကိုယ်လုံး မွှန်ထူ၍ သွားသည်။

'အို. . . ဟုတ်သားပဲ. . . အိမ်မှာ အနေမများ တဲ့ ညီမော့်ကို ငါ မေ့နေလိုက်တာ. . . အင်း. . ဝင့်မိုကလေးကို တွေ့ရင်တော့ ဒီကောင် ချမ်းသာပေးမှာ မဟုတ်ဘူး. . .

အို. . . စိတ်ရှုပ်လိုက်တာ. . . ဝင့်မိုကို အလုပ်ခန့်လိုက်တာ ငါ မှား သွားပြီလား. . .'

'မျို့. . . ဆရာကြီး ငြိမ်သွားလှချည်လား. . . ရှေ့ရောက်ရင် မေပုလဲဘက် ချူ းရတော့မယ် လေ. . .'

'ဩော်. . . အင်း. . .'

'အဟင်း ဟင်း. . . တနေ်တော့ မြတ်ဝင့်မိုအတွက် ကိုစွမ်း သိပ်စိတ်ပူသွားပုံရတယ်. . . လူငယ်တွေ အချင်းချင်းပဲ ငြိကြတော့လဲ ဘာ ဖြစ်တာ မှတ်လို့ ကိုစွမ်းရယ်. . .'

'ဒီတော့မှ ကိုစွမ်းရဲ့ ညီတောင်မောင်လေးလဲ ခြေငြိမ်ပြီး အိမ်ကပ်ရင် ကပ်သွားမှာ ပေါ့ မဟုတ်ဘူးလား. . .'

'အင်း စွံစွံမြဲမြဲဆိုရင် အကြောင်းမဟုတ်ဘူး. . . တော် ကြာ ကိုးလိုးကန့်လန့် လုပ်သွားရင် ကိုယ် မခင်ညိုနဲ့ မျက်နှာပျက်ရမှာ . . .'

'ဒါတော့ သူ့တူမချောက ကိုယ့်ကိုယ်ကို မထိန်းတတ်ရင် ဘာတတ်နိုင်မှာ လဲ. . . တွေ းပူ မနေစမ်းပါနဲ့ ကိုစွမ်းရာ. . . ကဲ. . . ရပ်တော့. . . မေပုလဲ ရောက်ပြီ. . .'

ဂျပန်ပြန် မေပုလဲ အလှပြုပြင်ရေး ဆိုင်ရှေ့တွင် ဒေါက်တာ စွမ်းထက်နိုင်၏ ကားကလေးက ငြိမ့်ခနဲ ရပ်သွား၏ ။

'ဟော. . . ပဲခူးက မမြသဥ္ဇာ ရောက်လာတယ် ဆရာမ . . . လာ လာ မမ မြသဥ္ဇာ. . .'

မြသဥ္ဇာကို သိကျွမ်းနေသော ဧည့်ကြိုမိန်းကလေးက ပြေးထွက်၍ ဆီးကြို လိုက်သည်။

ဂျပန်ပြန် အလှပြုပြင်ရေး ဆရာမ ဒေါ်ခင်မေလင်းကလည်း ဆိုင်ခန်းတွင် းသို့ဝင်လာသော မြသဥ္ဇာကို ဆီးကြိုလိုက်သည်။

'လာ. . . မြသဥ္ဇာ. . . ဩော်. . . ဒေါက်တာလဲ ပါလာတာကိုး. . . ထိုင်ပါ ထိုင်ပါ ရှင်. . . မိမိခင် ဒေါက်တာတို့အတွက် အအေးတစ်ခုခုလုပ်. . .'

'ဟုတ်ကဲ့ ဆရာမ . . .'

'မြသဉ္ဇာ မှာ ထားတဲ့ ဒရိုင်ယာ ရပြီ. . . ဈေး ကတော့ တက်နေတယ်. . . အရင်ပြောထားတဲ့ ဈေး မဟုတ်တော့ အားနာတယ်ကွယ်. . .'

'အို. . . ဈေးက အကြောင်းမဟုတ်ပါဘူး. . . ပစ္စည်းကောင်းဖို့သာ အဓိကပါ. . .'

ဆရာမ ဒေါ်ခင်မေလင်းက မြသဉ္ဇာအတွက် အသင့်ထားသော ဟဲဒရိုင်ယာဘူးကို ထုတ်ပေးလိုက် သည်။

မြသဉ္ဇာ သဘောကျသွား၏ ။

ချက်ချင်း ပဲ လက်ပွေ့အိတ်ကြီးကို ဖွင့်ကာ ဈေးမဆစ်ဘဲ ငွေပေးချေလိုက်သည်။

'ဒီနေ့ မျက်နှာ ပေါင်းတင်ဦးမလား မြသဉ္ဇာ. . .'

'အချိန် သိပ်မရှိတော့ဘူး. . . သဉ္ဇာ. . . ခု ပဲခူးကို ပြန်မှာ . . . ဟဲဆက်တင်ပဲ လုပ်မယ်လေ'

'ကဲ. . . ဒါဆို လာ. . .'

ဆရာမ ဒေါ်ခင်မေလင်းက အလှပြုပြင်ခန်းထဲသို့ မြသဉ္ဇာကို ခေါ်သွင်းသွား၏ ။

ဒေါက်တာ စွမ်းထက်နိုင် ကတော့ သူ့ရှေ့စားပွဲပေါ်တွင် အသင့်ချထားသော မဂ္ဂဇင်းများ ထဲမှ စာအုပ်ကို ဆွဲယူကာကြည့်ရင်း မြသဉ္ဇာ အလှပြင်နေသည်ကို စောင့်ဆိုင်းနေလိုက်၏ ။

'ဘယ်တော့ စားရမှာ လဲ မြသဉ္ဇာ. . . ဒီက မြသဉ္ဇာကို သတို့သမီးအ ဖြစ် အလှပြင်ပေးချင် လှပြီနော်. . . အချိန် သိပ်မဆွဲနေနဲ့. . .'

'သိပ်တော့ မကြာတော့ပါဘူး. . . မြသဉ္ဇာကလဲ မြသဉ္ဇာရဲ့ မင်္ဂလာဆောင်အတွက် ဒေါ်ခင် မေလင်းကိုပဲ ငှားဖို့ စိတ်ပိုင်းဖြတ်ပြီးသားပါနော်. . .'

'ကျေးဇူး ကျွှာပါပဲ မြသဉ္ဇာ. . . မြသဉ္ဇာက လူရွေးသိပ်တော် တာပဲ. . . ဒေါက်တာကလဲ ခန့်ခန့်ချောချောကြီးနဲ့ ယောက်ျား သိပ်ပီသတယ်. . .'

'မြသဥ္ဇာကလဲ တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ ဆီဖိယာလောရင့်ကြီး ကျနေတာပဲ. . . ကိုယ့် မျက်စိထဲမှာ မြသဥ္ဇာတို့နှစ် ယောက် သိပ်လိုက်ဖက်ညီတယ်ကွာ. . .'

မြသဥ္ဇာ ကတော့ တဟင်းဟင်း ရယ်သွမ်းသွေးရင်း ပီတိတွေ စိမ့်စိမ့်ဝေနေ၏ ။

♥ ♥ ♥

(ခြောက်)

မြတ်ဝင့်မို ဝယ်လာသော မုန့်များ ကို ပေါက်ပေါက်ကို မောင်နှစ် မတစ်စု စားရင်း စကားတွေ ပြောနေကြစဉ် မြတ်ဝင့်မိုမှာ တော့ သူ ယူသွားရမည့် ပစ္စည်းပစ္စယများ နှင့် ချာချာလည်နေ၏ ။

ထိုးသိပ်ထည့်ထားလိုက်သည်မှာ သူ့သားရေသေတ္တာကြီး တစ်ခုလုံးလည်း ဖောင်းအိနေ၏ ။

ပလတ်စတစ် လက်ဆွဲခြင်းထဲမှာ လည်း သနပ်ခါး ကျောက်ပျဉ်ကအစ လိုလေသေးမရှိ အောင် ပြည့်နေ၏ ။

'ခြင်ထောင် . . . ခေါင်းအုံးနဲ့ အိပ်ရာလိပ်များ လိုဦးမလား ဝင့်မို . . .'

'အဲဒါတွေ တော့ ယူမနေတော့ပါဘူး . . . ဒေါ်လေးညို . . . ဟိုမှာ ရှိမှာ ပါ . . .'

'ဩော် . . . လက်ဝတ်လက်စားလေးတွေ ကို ကိုယ်မှာ ပဲ အမြဲဝတ်ထားနော် . . . ချွတ်မထား နဲ့ . . . ကိုယ် တစ်ယောက် တည်း နေတာ မဟုတ်တော့ ပျောက်မှာ ရှမှာ စိုးရိမ်ရတယ် . . .'

'ဟုတ်ကဲ့ ဒေါ်လေးညို . . .'

'အိမ်ကို မှာ စရာရှိရင် မင်းဦးလေးကောင်း ရုံးကို ဖုန်းဆက်နော် . . .'

'ဟုတ်ကဲ့ . . .'

'အလုပ်လုပ်ရတာ မပျော်ရင်လဲ ချက်ချင်း သာ ပြန်လာခဲ့နော် ဝင့်မို . . . ဝင့်မိုက လုပ်ချင်လို့ သာ လွှတ်ရတာ . . . ဒေါ်လေးညိုခွဲရမှာ ဝမ်းနည်းတယ် . . .'

ဒေါ်လေးညို၏ အသံက ဝမ်းနည်းလာဟန်ဖြင့် အက်လာ၏ ။

'ဒေါ်လေးရယ် စိတ်မကောင်းမ ဖြစ်ပါနဲ့. . . ဝင့်မို နေရမှာ က ဒီရန်ကုန်မြို့ ထဲမှာ ပဲ ဥစ္စာ. . . ဒေါ်လေးညိုလဲ အချိန်မရွေး လာတွေ့နိုင်တာပဲ. . . ဝင့်မိုလဲ အိမ်ကို အချိန်မရွေး ပြန်နိုင်တာပဲ. . .'

'အေး. . . အဲဒါကြောင့် လဲ ဒေါ်လေးက ခွင့်ပြုတာပေါ့. . . ရေမြေခြား သွားရမှာ ဆိုရင် ပိုက်ဆံဘယ်လောက်ရရ ဒေါ်လေးညိုမလွှတ်ဘူး သိလား. . .'

သူ့အပေါ် သံယောဇဉ်ကြီးမားလှသော ဒေါ်လေးညိုကို ဖက်ကာ မြတ်ဝင့်မိုက ပါးကို မွှေး ကြူလိုက်သည်။

သူ့အတွက် ခင်တွယ်စရာဟူ၍ တစ်လောကလုံးတွင် ဒေါ်လေးညိုတစ်ယောက်သာ ရှိသည် မဟုတ်ပါလား. . .။

'ဒေါ်လေးညိုကလေးတစ်အုပ်နဲ့ မနိုင်မနင်း ဖြစ်နေမှာ ဝင့်မို စိုးရိမ်တယ်. . .'

'ဒီအတွက် မပူပါနဲ့ကွယ်. . . အားရင် ဒေါ်မွှေးလဲ ဒီဘက်ခြံချည်းပဲ ရောက်နေတဲ့ဥစ္စာ. . . ငါ့တူမလေးသာ စိတ်ချမ်းသာအောင် နေပါ. . .'

တူအရီးနှစ် ယောက် တစ်ယောက် ကို တစ်ယောက် အကြင်နာပိုလျက် ရှိနေကြ၏ ။

ထိုစဉ်. . . ခြံဝင်းရှေ့သို့ အက်စ်အီးကား ဖြူဖြူကလေး ဆိုက်ကပ်လာပြီး ဟွန်းတီးနေ၏ ။

ဒေါ်ခင်ညိုသားအကြီးကောင်က ခြံဝင်းနှင့် တိုက်ကို လေ့လာသုံးသပ်လိုက်သည်။

ယခင်က သူ ရောက်ဖူးတုန်းကဆိုလျှင် တိုက်ကရှေးသည် သစ်လွင်သော သုတ်ဆေးတို့ ဖြင့် အမြဲတမ်း လှပနေ၏ ။

ပန်းဥယျာဉ်ကလေးကလည်း ပန်းပေါင်း ဝေဝေဆာဆာနှင့် . . .။

ယခုတော့. . .

တိုက်နံရံတစ်ခုလုံးတွင် ရေညှိပင်များ ပင် တက်ပေါက်နေလေပြီ. . .။

ပန်းဥယျာဉ်လည်း ရှိမနေတော့. . .။

အချိန်တွေ ကုန်လွန်လာခဲ့သည်ကဲ့သို့ အခြေအနေတွေ ကလည်း ပြောင်းလွဲနေလေပြီ တည်း။

အိမ်အဝင်အဝ ဘာဂျာတံခါး အနီးတွင် ဘုစုခရုကလေးငယ် တစ်အုပ်က ဝိုင်းအုံရပ်ကာ ဒေါက်တာ စွမ်းထက်နိုင်ကို ကြည့်နေကြ၏ ။

'ဟဲ့. . . အထွန်းထို့ ပေါက်ပေါက်တို့ ငယ်လေးတို့ အပေါက်ဝမှာ ဘာလုပ်နေကြတာလဲ. . . ဖယ်ကြစမ်း. . . ဖယ်ကြစမ်း. . . လာ. . . လာပါ. . . အိမ်ထဲဝင်ပါ ဒေါက်တာ. . .'

ဒေါ်ခင်ညို့က လမ်းအဝင်ကို ရှင်းပေးလိုက်သည်။

'ထိုင်ပါရှင်. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် ဧည့်ခန်းတွင် ထိုင်ကာ ပတ်ဝန်းကျင်ကို သုံးသပ်လိုက်သည်။ ယခင်ကလို သစ်လွင်သော အဆောင်အယောင်များ ကို မတွေ့ရတော့ပြီ. . .။

'အင်း. . . ဝင့်မိုကလေး အတော် ကို ဒုက္ခရောက်သွားရှာတယ် ထင်ပါရဲ့. . .'

တစ်ချိန်က တစ်ဦးတည်းသော သမီး. . . ရွှေပေါ်မြတင် နေရသူကလေး မြတ်ဝင့်မို၏ အကြောင်းကို သိသူ ပီပီ စိတ်မကောင်း ဖြစ်လိုက်မိသည်။

'ဒေါက်တာရယ်. . . ကျွန်မ တူမလေး မလိမ္မာတာ ရှိရင် ကိုယ့်ညီမလေး အရင်းချာလို သဘောထားပြီး ဆုံးမပါနော်. . . ညို့စိတ်ချပါရစေ. . .'

'စိတ်ချပါ ဒေါ်ခင်ညို့. . . ကျွန်တော့် အိမ်မှာ မြတ်ဝင့်မိုအတွက် စိတ်မချစရာအကြောင်း ဘာမှ မရှိပါဘူး. . .'

မြတ်ဝင့်မိုသည် သူ့ပစ္စည်း ပစ္စယ ဆွဲထုတ်၍ အိမ်ခန်းထဲက ထွက်လာ၏ ။

'ဟဲ့. . . အထွန်း. . . အတာ. . . နင်တို့ မမ ပစ္စည်းတွေ သယ်ပေးလိုက် ကြလေ. . .'

'အသင့် ဖြစ်ပြီလား. . . မြတ်ဝင့်မို. . .'

'ဟုတ်ကဲ့. . .'

'အဟင့် ဟင့်. . . ဟင့်. . .'

'ဟင်. . . တွတ်တွတ် ဘာ ဖြစ်တာလဲ. . .'

မြတ်ဝင့်မိုကို ကြည့်ကာ ငိုချလိုက်သော နို့ညှာကောင်ထံသို့ မြတ်ဝင့်မိုသည် အပြေးကလေး သွားကာ ဒူးထောက်ရင်း ဖက်ထားလိုက်သည်။

'တွတ်တွတ် ဘာ ဖြစ်လို့ ငိုတာလဲ ဟင်. . .'

'မိုမို အတွားရဘူး. . . အတွားရဘူး. . .'

'သြော်. . . ကလေးရယ်. . . မိုမို ပြန်လာမှာ ပါ. . .'

'မိုမိုက အကြာကြီး သွားမှာ ပါ. . . တားတားတို့ကို ညကျရင် အတူက ပုံကျော်ကျမှာ လဲ အဟင့်. . . ဟင့်. . . ဟင့်. . .'

'တွတ်တွတ်ကလဲကွယ်. . . သားသားက လိမ္မာသားနဲ့. . . လာ. . . မေမေ့ဆီကို. . . မေမေ ပုံပြောပြမှာ ပေါ့. . .'

'ဟင့် ဟင့် မေမေက အပြောတတ်ဖဲနဲ့. . .'

'ဒါဆို ဖေကြီး ပြောပြမှာ ပေါ့. . .'

'ဖေကြီးက ပုံမှ မပြောတတ်တာ အဟင့်. . . ဟင့် ဟင့်. . .'

'တွတ်က လိမ္မာပါတယ်ကွာ. . . ဟိုစားပွဲပေါ်မှာ မိုမိုပြောတဲ့ ပုံတွေ ပါတဲ့ စာအုပ်ရှိတယ်. . . ကိုကိုထွန်း ဖတ်ပြီး ညီလေးကို ပြောပြမှာ ပေါ့ နော်. . .'

'အေး. . . ဟုတ်သားပဲ သားသားလေးရဲ့. . .'

'ကိုကိုထွန်းက မိုမိုလို ပြောမှာ လား. . .'

'ဒါပေါ့ မိုမိုထက်တောင် ကောင်းအောင်ပြောတတ်သေးတယ်. . .'

ချာတိတ်ကလေး အငို တန့်သွား၏ ။

သည်တော့မှပဲ ဘေးက ထိုင်ကြည့်နေသော ဒေါက်တာ စွမ်းထက်နိုင်၏ ကျုပ်မွန်းနေသော ရင်သည်လည်း ချောင်ချိသွားတော့သည်။

မြတ်ဝင့်မိုသည် မောင်ငယ်. . . ညီမငယ် ကလေးတွေ ကို တစ်ဦးမှ မကျန်အောင် မွှေးမွှေး ပေး၍ နှုတ်ဆက်ပြီး အိမ်ပေါ်မှ အပြေးကလေး ဆင်းသွားသည်။

ရုတ်တရက် သည်လိုခွဲခွာရမည် ဆိုတော့လည်း မြတ်ဝင့်မို ဝမ်းနည်းရ၏ ။

ဒေါက်တာ စွမ်းထက်နိုင်သည် မြတ်ဝင့်မိုအတွက် ကား ရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက် ပြီးမှ မြတ်ဝင့်မို၏ သားရေသေတ္တာနှင့် ပလတ်စတင်ခြင်းကို ကားနောက်ဖုံးထဲတွင် ထည့်လိုက်သည်။

'သွားမယ်နော်. . . ဒေါ်လေးညို. . .'

'အေး. . . အေး. . .'

'သွားမယ် ဒေါ်ညို. . .'

'ဟုတ်ကဲ့. . . ဒေါက်တာ. . .'

ကားကလေးသည် တိုက်၏ ဆင်ဝင်အောက်မှ ငြိမ့်ခနဲ ထွက်သွား၏ ။

မြတ်ဝင့်မိုသည် လက်ထဲက လက်ကိုင်ပဝါကလေးဖြင့် သူ့မျက်လုံး အစုံကို တို့နေ၏ ။

'မြတ်ဝင့်မို သိပ်ဝမ်းနည်းနေသလား. . . အိမ်ကို လွမ်းရင် နေ့တိုင်းပြန်လို့ရပါတယ်. . . ကိုယ် လိုက်ပို့ပေးမှာ ပေါ့. . .'

ဒေါက်တာ စွမ်းထက်နိုင်၏ အသံတွင် အကြင်နာတွေ ပြည့်ပြွမ်းနေ၏ ။

'ဟို. . . ဟို ခွဲစ မရှိလို့ပါ. . . နောက် နောက်တော့လဲ ဝင့်မို နေသားကျသွားမှာ ပါ ကိုကို ဒေါက်. . အဲ. . . အဟင်း. . . ဟင်း. . .'

'ကိုယ့်ကို ကိုကိုစွမ်းလို့ပဲ ခေါ်လိုက်ပါတော့ မြတ်ဝင့်မို. . . ကိုယ့်အတွက် ညီမလေး ဖြူနွဲ့ ဝတီအစား မြတ်ဝင့်မိုကို ညီမလေး တစ်ယောက် အ ဖြစ် သဘောထားလိုက်ပါပြီ. . .'

'ညီမလေးထက်တော့ မပို နိုင်တော့ဘူးပေါ့နော်. . . ကိုကိုရယ်. . .'

မြတ်ဝင့်မိုသည် ဝမ်းသာဝမ်းနည်းစိတ် ရင်ထဲတွင် ဒွန်တွဲ စွာ ဖြင့် တီးတိုးပြောလိုက်မိသည်။

နှစ် ဦးသား အချိန်အတန်ကြာအောင် တိတ်ဆိတ်လာခဲ့ကြ၏ ။

'ဒေါ်ဒေါ်ပုံ့ကိုတော့ မြတ်ဝင့်မို ပါလာမယ့်အကြောင်း ဖုန်းဆက်ထားပြီးပြီ. . . ဒေါ်ဒေါ်ပုံ့ဆို တာက ကိုယ်တို့ရဲ့ အဒေါ်ငယ်ပေါ့. . . သူ ကတော့ သီရိဂေဟာရဲ့ အချုပ်အချာ ဘဏ္ဍာစိုးကြီးလေ'

'သီရိဂေဟာမှာ လူတွေ သိပ်များ သလားဟင်. . .'

'မများ ပါဘူး. . . ကိုယ်ရယ်. . . ဒေါ်ဒေါ်ပုံ့ရယ်. . . စူးစူးရယ်. . . တောက်တိုမည် ရ ခိုင်းဖို့ ခေါ်ထားတဲ့ လုံးပုရယ်. . . ဝင်းစောင့်ဦးလေး ထူးရယ်. . . ညီမော်ရယ်ပဲ ရှိတာ. . .

အဲ. . . ညီမော်ဆိုလို့ ပြောရဦးမယ်. . . ညီမော်ဆိုတာ ကိုယ့်အညီအငယ်ဆုံး လွင်မော် နိုင်ဆိုတာပေါ့. . . သူ ကတော့ အိမ်မမြဲပါဘူး. . . အမြဲ ခရီးထွက်လေ့ရှိတယ်. . . မနှစ် ကမှ ဘူမိ ဗေဒနဲ့ ဘွဲ့ရတာ . . . အသက် ကတော့ မြတ်ဝင့်မိုနဲ့ မတိမ်းမယိမ်းပဲ ရှိမယ်. . .

မေမေ အသက်လေးဆယ်ကျော်မှ မွေးတာဆိုတော့ ကိုယ်နဲ့ အသက်ချင်းသိပ်ကွာတယ်၊ ညီငယ်က ပျော်ပျော်နေပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စားထဲကပဲ. . . အဲ. . . ရုပ်ကလေးကလဲ ချောတယ်၊ ပြီးတော့ မြူးလဲပွေတယ်. . . မိန်းကလေးတွေ ကလဲ သူ့ကို

သိပ်ကျကျတယ်. . .

ညီမော်ကလဲ မိန်းကလေးဆိုရင် သူ့အတွက် ကစားစရာအရုပ်တစ်ခုလို သဘောထားတယ်၊ အထူးသဖြင့် ချောတဲ့လှတဲ့ မိန်းကလေးတွေ ပေါ့. . . ဒါတော ပြောနေရတာ မြတ်ဝင့်မိုကို ကြိုသတိ ပေးတဲ့ သဘောပါ. . .'

'ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်. . .'

မြတ်ဝင့်မိုသည် ယဉ်ယဉ်ကျေးကျေးကလေး နှုတ်ကပြောလိုက်ပေမယ့် ဝမ်းထဲ ကတော့ ကျိတ်၍ ရယ်လိုက်မိသည်။

ရွှေမင်းသားလိုချောတဲ့ အချောအလှယောက်ျားသားတွေ ပေါမှ ပေါတဲ့ အမိတက္ကသိုလ် မြေကြီးမှာ ဝင့်မို လေးနှစ် ကြီးများ တောင် နေခဲ့ဖူးပြီးပါပြီ. . .။

အင်မတန် လွတ်လပ်ပျော်ရွှင်စရာ ကောင်းတဲ့ တက္ကသိုလ်နယ်မြေမှာ တောင် ဝင့်မိုဟာ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့ဘူး. . . ဘယ်လောက်စွံပါတယ်ဆိုတဲ့ လူရဲ့ အကပ်ကိုလဲ မခံခဲ့ပါဘူး။

သူငယ်ချင်းတွေ လောင်းကြေး စားကြေး လုပ်တိုင်း အရှုံးပေါ်ခဲ့လို့ ဝင့်မိုချည်းပဲ မုန့်စားခဲ့ရ ပေါင်း နေ့တွေ . မရေမတွက်နိုင်ခဲ့ပါဘူး ဒေါက်တာကိုကိုကြီးရယ်. . .။

အဲဒါ ဘာကြောင့် လဲ သိလား. . . ရှင့်ကြောင့်. . . ရှင့်ကြောင့် . . .။ ဒေါက်တာ စွမ်းထက်နိုင် ဆိုတဲ့ ရွှေမင်းသားကြီးက ဝင့်မိုရဲ့ အသည်းနှလုံးကို နှစ် ပေါင်းများ စွာ ကတည်းက အကျဉ်းချထားခဲ့ လို့ပါပဲ။

သံချိုင့်တွင် း ကျနေတဲ့ ဝင့်မိုရဲ့ နှလုံးသားက အသည်းပေး ချစ်ရမယ့် ချစ်သူဆိုလို့ ဒေါက်တာ ကိုကိုပဲ ရှိခဲ့ပါသတဲ့. . . ဟင်း. . . ဟင်း. . . ဟင်း. . .

ကျိတ်ပြုံး ကလေး မြတ်ဝင့်မို ပြုံး လိုက်မိပါသည်။

မသိမသာ စောင်းငဲ့ကြည့်၍ အကဲခတ်နေသော ဒေါက်တာ စွမ်းထက်နိုင် ကတော့ ဒီကောင် မလေး ဘာပြုံး လိုက်တာပါလိမ့်ဟု ပဟေဠိကြီး ဖြစ်သွားရ၏ ။

♥♥♥

(ခုနစ်)

နေဝင်ရီသရောအချိန်တွင် မြတ်ဝင့်မိုသည် ရွှေတောင်ကြားလမ်းရှိ ဒေါက်တာ စွမ်းထက်နိုင် တို့၏ ခေတ်မီနှစ် ထပ် တိုက်ကြီးဆီသို့ ရောက်လာခဲ့သည်။

ကျယ်ဝန်းသော ခြံ. . . လှပသော သစ်ပင်ပန်းမန်တို့ဖြင့် သီရိဂေဟာမည် သော နှစ် ထပ် တိုက်ဝါကြီးသည် ကျက်သရေတွေ ဖြိုး ဝေ၍ တင့်တယ်လှပလွန်းလှပါ၏ ။

ဝင်းတံခါး ဖွင့်ပေးသူမှာ ဝင်းစောင့်ဆိုသော ဦးလေးထူးပင် ဖြစ်မည် ထင်သည်။

အသက်က ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးဟု ခန့်မှန်းရပြီး ဝဝဖိုင့်ဖိုင့်နှင့် နှစ် လိုဖွယ်ရာ မျက်နှာပိုင်ရှင် ဖြစ်သည်။

သူသည် ကားရှေ့ခန်းတွင် မြတ်ဝင့်မို. . . ဒေါက်တာ စွမ်းထက်နိုင်နှင့် ယှဉ်တွဲ ထိုင်သွား သည်ကို အံ့ဩသော အသွင်ဖြင့် ဝင်းတံခါးကို မပိတ်နိုင်သေးဘဲ လည်ပြန်ကြီး ကြည့်၍ ကျန်ရစ်ခဲ့ သည်။

ကျောက်ခင်းလမ်းကလေးအတိုင်း ကားကလေး မောင်းဝင်လာသည်။

ဖြာကျနေသော ရေပန်းလှလှကလေးကို ကွေ့မောင်းလိုက်သည့်အခါတွင် တော့ တိုက်ကြီး ၏ ကြီးမားသော ဆင်ဝင်အောက်သို့ ကားကလေး ရောက်သွားသည်။

ဒေါက်တာ စွမ်းထက်နိုင်က ကားစက်ကို ရပ်လိုက်သည်။

ချက်ချင်း ဆိုသလိုပင် သံပန်း တံခါးဆီသို့ အသက်ဆယ့်သုံးနှစ် ခန့်ရှိ မိန်းကလေးတစ်ဦး အပြေးကလေး ရောက်ရှိလာကာ တံခါးကို အလျင်အမြန် ဖွင့်ပေးလိုက်သည်။

ဒေါက်တာ စွမ်းထက်နိုင်သည် မြတ်ဝင့်မိုအတွက် ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက် ပြီး ကားနောက်ဖုံး တံခါးကို သွားဖွင့်၏ ။

မြတ်ဝင့်မိုလည်း သူ့ အနီးသို့ အပြေးကလေး သွားကာ သူ့ သားရေသေတ္တာလက်ကိုင်ကို ကိုင်လိုက်သည်။

'ဖယ်ပါ. . . မင်း မနိုင်ပါဘူး. . . မြတ်ဝင့်မို. . .'

'ဟို. . . ဝင့်မိုရဲ့ ထဘီတွေ ပါလို့ ငရဲကြီး. . .'

'မလိုပါဘူးကွာ. . .'

မြတ်ဝင့်မို၏ စကားမှ ပြော၍ မဆုံးမီ ဒေါက်တာစွမ်းထက်နိုင်သည် လက်ဆွဲသားရေ သေတ္တာကြီးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် အိမ်ထဲသို့ပါ ဆွဲယူသွားသဖြင့် မြတ်ဝင့်မိုလည်း ထူထူပူပူကြီးဖြင့် ပလတ်စတစ်ခြင်းတောင်းကို ကောက်ဆွဲကာ သူ့နောက်သို့ အပြေးကလေး လိုက်ခဲ့မိ၏ ။

'ကိုစွမ်းတို့ ရောက်လာကြပြီ. . . အို စူးစူး အတွက် ဆရာမ ဆိုတာ သူလား. . .'

အခန်းထဲမှ ထွက်လာသော ဘီးဆံပတ်ကြီးပတ်ထားသည့် အသက်ခြောက်ဆယ်အရွယ် အမျိုးသမီးကြီးသည် မြတ်ဝင့်မိုကို သတိထားမိသည့်တွင် အံ့သြသွားဟန်ဖြင့် မေးလိုက်သည်။

'ဟုတ်တယ် ဒေါ်ဒေါ်ပုံ့. . . သူ့အတွက် အခန်းပြင်ပြီးပြီလား. . .'

'အားလုံး အဆင်သင့်ပါပဲ ကိုစွမ်း. . .'

'ဒါဖြင့် စူးစူးဆီကို ခေါ်သွားကြည့်လိုက်ပါဦး. . .'

'လာ. . . တူမ. . . ဒါနဲ့ နာမည် က ဘယ်လိုခေါ်သလဲဟင်. . .'

'မြတ်ဝင့်မိုပါ. . . ဒေါ်ဒေါ်ပုံ့. . .'

'သေတ္တာထားခဲ့. . . နောက်မှ ကျွန်တော် တင်ပေးလိုက်မယ်. . .'

ဒေါက်တာ စွမ်းထက်နိုင်က ပြောလိုက်သော အခါ အဒေါ်ကြီး၏ မျက်နှာပေါ်တွင် ဒုတိယ အကြိမ် အံ့အားသင့်မှု ဖြစ်သွားပြန်၏ ။

'ကိုင်း. . . ဒါဖြင့် လာ. . .'

မြတ်ဝင့်မိုသည် ပလတ်စတစ်ခြင်းတောင်း နီနီကလေးကို လက်က ဆွဲကိုင်ကာ ဒေါ်ပုံ့ ခေါ်ဆောင်သွားရာ နောက်သို့ လိုက်ပါလာခဲ့၏ ။

ဆီဆေးရောင် ပြောင်လက်နေသော လက်ရန်းများ ရှိသည့် ကျွန်းလှေကားကြီးပေါ်သို့ ဒေါ်ပုံ့ နှင့် အတူ တက်လိုက်ခဲ့သည်တွင် အပေါ်ထပ်ရှိ အိပ်ခန်းတစ်ခန်းဆီသို့ ရောက်ရှိသွား၏ ။

ဒေါ်ဒေါ်ပုံ့က တံခါးကို တွန်းဖွင့်လိုက်သည်။

'ဒါ မြတ်ဝင့်မိုအတွက် အိပ်ခန်းပဲ. . .'

အသင့် ခင်းထားသော တစ်ယောက် အိပ်. . . ခုတင်၊ စာရေး စားပွဲ တစ်လုံး. . . ကုလား ထိုင်တစ်လုံးနှင့် မှန်တင်ခုံတစ်ခု. . . အဝတ်ထည့်ရန် ကျွန်းဗီရိုကြီး တစ်လုံးပါသော အိပ်ခန်းသည် သပ်ရပ်၍ နေချင်စဖွယ်ရာ ရှိလှ၏ ။

'အဲဒီ အခန်းက ရေချိုးခန်းနဲ့ အိမ်သာပါ တွဲ ရက်ရှိတယ် မြတ်ဝင့်မို. . .'

'ဟုတ်ကဲ့. . . ဒေါ်ဒေါ်ပုံ့. . .'

မြတ်ဝင့်မိုက သူ့လက်ထဲက ပလတ်စတစ် ခြင်းတောင်းကို အခန်းတစ်နေရာတွင် အသာချ ခဲ့ပြီး အိပ်ခန်းတံခါးကို ပြန်စေ့လိုက်သည်။

'မြတ်ဝင့်မိုနဲ့ ကပ်လျက်အခန်းက စူးစူး အခန်းပဲ. . .'

'ဟုတ်ကဲ့. . .'

'မိစူး ကတော့ အားကြီး ကဲပဲ. . . ဒီနေ့ တစ်နေ့လုံး ချော့မရအောင် ကောက်နေတယ်. . .'

'သူ ဘာကို ကောက်တာလဲ. . .'

'မသိပါဘူး. . . တစ်ခါတလေလဲ အကြောင်း မည် မည် ရရလဲ မရှိပါဘူး. . . သိပ် အလိုလိုက် ထားလို့ သိပ်ကဲတာပဲ ဖြစ်မှာ ပေါ့. . .'

ပြောပြောဆိုဆို ဒေါ်ပုံ့က စေ့ထားသော အခန်းတစ်ခု၏ တံခါးကို တွန်းဖွင့်လိုက်သည်။

တံခါးပေါက်ဘက်ကို ခြေပေး၍ ခြေနစ် ချောင်းလိမ်၍ ထောင်ကာ လှုပ်ရင်း ကြမ်းပေါ်တွင် ဝမ်းလျားမှော က်၍ ကစားနေသော အသားဖြူဖြူ ဝဝတုတ်တုတ်ကလေးကမလေးကို မြတ်ဝင့်မို တွေ့ လိုက်ရသည်။ သူ့ ဆံပင်နက်နက်ရှည်ရှည်ကလေးက ပခုံးပေါ်မှ ရှေ့သို့ ဖြာကျနေ၏ ။

သူ့ ဘေးပတ်ပတ်လည်တွင် နိုင်ငံခြားလုပ် အရုပ်ကလေးများ ၊ မော်တော် ကား. . . မီးရထား ကစားစရာတွေ က ပတ်ပတ်လည် ဝိုင်းနေ၏ ။

'နင် ရှုံးတယ်နော် ဆီနီ. . . ငါ့ကို ကရုဝိတ်က အိုက်စကရင် ဝယ်ကျွေးရမယ်. . . အောင်မာ အောင်မာ. . . မရပါဘူး. . . နင် ရှုံးတာ နင် ကျွေးရမှာ ပေါ့. . .'

ကလေးမလေး တစ်ယောက် တည်း လက်ဟန် ခြေဟန်ဖြင့် စကားပြောနေ၏ ။

'ဟဲ့. . . စူးစူး တစ်ယောက် တည်း စကားပြောနေတာ အရူးလား. . .'

'ပုံပုံကြီး လာမရှုပ်နဲ့ သွား. . . စူးစူးမှာ ဘယ်မှာ အဖော်ရှိလို့လဲ. . . တစ်ယောက် တည်းပဲ ကစားရတာ ပေါ့. . .'

ကလေးမလေးက နောက်လှည့်မကြည့်ဘဲ ဒေါ်ပုံ့ကို ရန်ထောင်လိုက်သည်။

'ခေါ်ပြန်ပြီလား. . . ငါ့ကို ပုံပုံကြီးလို့. . .'

'ခေါ်မှာ ပဲ. . .'

ပုံစံကလေး ကတော့ အကြောမာမည့် ပုံထဲကဟု မြတ်ဝင့်မို မှတ်ချက်ချလိုက်၏ ။

'ဒီမှာ . . . နောက်လှည့် ကြည့်စမ်း. . . စူးစူးအတွက် အဖော်အသစ်. . . လေးလေးစွမ်းက ခေါ်လာတယ်. . .'

'မကြည့်ချင်ပါဘူး. . . သွား. . . သွား. . . သွားဆို သွားကြ. . .'

ကောင်မလေးသည် သူ ကစားနေသော ဒိုးဆက်များ ကို ကျုံးကောက်၍ ယူကာ ကုန်းထ လိုက်ပြီး မြတ်ဝင့်မိုတို့ကို ပေါက်ရန် ဟန်ပြင်လိုက်သည်။

'ဟဲ့. . . ဟဲ့. . . မလုပ်နဲ့ မိစူးနော်. . . မိစူး. . .'

မြတ်ဝင့်မို ကတော့ ကလေးမလေးကို ပြုံး ၍ သာ ကြည့်နေ၏ ။

စိတ်ဆိုးမာန်ဆိုး ဖြစ်သွားကာ လက်ထဲက ဒိုးဆက်တုံးကလေးများ ဖြင့် ပေါက်ဟန်ပြုနေ သော စူးစူးကလေးသည် တဖြည်းဖြည်း လက်ကလေးနှစ် ဘက် အောက်စိုက်ကျသွားပြီး ဒိုးဆက် တုံးကလေးများ ကြမ်းပေါ်သို့ တဒေါက်ဒေါက် သူ့လက်ထဲက ကျနေ၏ ။

'ဒီ မမ လှလှကလေးက စူးစူးအတွက် အဖော် ဟုတ်လား ပုံပုံကြီး. . .'

'သွား. . . ပုံပုံကြီး ခေါ်ရင် ညည်းမေးတာ မဖြေဘူး. . .'

'အဟင်း. . . ဟင်း. . . ပုံပုံကြီးရယ်. . .'

'ကောင်မလေး အကောင်ငယ်သလောက် သိပ် ဂျစ်တိုက်တယ်. . . ဟုတ်တယ်. . . ဟုတ် တယ်. . . ညည်းလေးလေးစွမ်းက ညည်းအတွက် ခေါ်လာတဲ့ အဖော် မြတ်ဝင့်မိုတဲ့. . .'

'လှကလဲ လှတယ်. . . နာမည် ကလဲ လှတယ်နော်. . .'

ဂါဝန်ဖြူဖြူဆံပင်ရှည်ရှည် နက်နက်ကလေးနှင့် စူးစူးက ပြုံး ကြည်သော အသွင်ဖြင့် ပြော လိုက်သည်။

'လေးလေးစွမ်းကို ဒီတစ်ခါတော့ စူးစူး သိပ်ချစ်သွားပြီ. . .'

'မြတ်ဝင့်မိုကို ညည်းလေး သဘောကျတယ်ပေါ့. . .'

‘အင်း. . .’

ကလေးမလေးက ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

‘ဟင်. . . ကြားသားမိုးကြိုး . . . ဒီတစ်ခါပဲ သဘောကျဖူးတယ် ရှိတယ် တော်ရေ့. . .’

‘မမ. . . စူးစူးနဲ့ တကယ်နေမှာ နော်. . .’

‘တကယ် နေမှာ ပေါ့ ကလေးရဲ့ . . .’

‘အပင်း ပျော်လိုက်တာ. . . စူးစူး အိပ်ခန်းထဲမှာ ပဲ အတူနေမှာ လား. . . ဟင်. . .’

‘စူးစူးက ဒီအခန်းမှာ မမက ဟိုဘက်ခန်းမှာ နေမှာ ပေါ့. . .’

‘မမ စူးစူးနဲ့ ကစားရမယ်နော်. . .’

‘အို. . . ကစားမှာ ပေါ့. . . ပြီးတော့ စူးစူးကိုလဲ စာတွေ သင်ပေးမှာ . . .’

မြတ်ဝင့်မိုက စူးစူး အနီးတွင် မှဆိုးဒူးထောက် ထိုင်ကာ ခါးကလေးကို ဖက်. . . ဆံပင်ကို သပ်ပေးရင်း ဖြေလိုက်သည်။

‘ပုံကော ပြောတတ်လား ဟင်. . .’

‘ပြောတတ်တာပေါ့. . . မမကလေ နေ့တိုင်း မမရဲ့ ကောင်လေးတွေ ညီမလေးတွေ ကို ပုံပြောပြပြီး သိပ်ရတယ်ကွယ်. . .’

‘မမ ပြောမယ့် ပုံထဲမှာ ဟိုကျားကြီးနဲ့ ကောက်ညှင်းပေါင်း ပေါင်းတဲ့ အဘိုးကြီး အဘွားကြီး အကြောင်းပါလား. . .’

‘ပြောစေချင်ရင် ပြောမှာ ပေါ့ စူးစူးရဲ့ . . . ဘာ ဖြစ်လို့လဲ. . .’

‘အဲဒီ ပုံဆိုရင် သိပ် မုန်းတာပဲ. . . ပုံပုံကြီးက နေ့တိုင်းပဲ စူးစူးကို အဲဒီ ပုံကြီးပဲ ပြောပြော ပြတယ်. . .’

‘အဟင်း. . . ဟင်း. . . ဟင်း. . . ကျုပ်ကလဲ အဲဒီ ပုံပဲ ပြောတတ်တာကိုး အေ့. . .’

‘အဟင်း ဟင်း. . . ကလေး မကြိုက်တဲ့ပုံဆိုရင် မမက မပြောပြပါဘူး. . . မမမှာ ပြောပြ စရာ ပုံတွေ အများ ကြီး ရှိပါတယ်ကွယ့်. . .’

‘မမမှာ မောင်လေး ညီမလေးတွေ အများ ကြီးပဲလား ဟင်. . .’

‘ဟုတ်တယ်. . .’

‘ပျော်စရာကြီး နေမှာ ပဲနော်. . . စူးစူးမှာ ကတော့ ဘယ်သူမှ မရှိဘူး. . . လေးလေး စွမ်းကလဲ စူးစူးကို ချစ်တယ် ချစ်တယ်နဲ့ အသုံးမကျတဲ့ အထိန်းမကြီးတွေ နဲ့ပဲ လွှတ်ထားတယ်. . .

စူးစူးကို ပျော်အောင် ထားတဲ့ လေးငယ် ကတော့ တစ်ချိန်လုံး ခရီးထွက်နေတာပဲ. . . စူးစူး မှာ ဒီအရုပ်တွေ နဲ့ပဲ နေနေရတယ်. . .’

‘ခု မမ ရောက်လာပြီလေ. . . စူးစူးကို ပျော်အောင် ထားမှာ ပေါ့. . .’

‘စူးစူးက မမကို ဘယ်လို ခေါ်ရမလဲ ဟင်. . .’

‘စူးစူး ကြိုက်သလို ခေါ်နိုင်တယ်. . .’

‘မမရဲ့ မောင်လေး ညီမလေးတွေ က မမကို ဘယ်လိုခေါ်လဲဟင်. . .’

‘မိုမို. . . တဲ့. . .’

‘ဟာ. . . မိုမိုတဲ့လား. . . စူးစူးကလဲ မမကို မိုမိုလို့ခေါ်မယ်. . . ဒီနာမည် စူးစူး ကြိုက်တယ်’

‘စူးစူး နာမည် ကကော စူးစူး ပဲလား. . .’

‘ကျောင်းနာမည် က ကြာဖြူဝတီတဲ့. . . အိမ်မှာ စူးစူးလို့ ခေါ်တယ်. . .’

‘ကြာဖြူဝတီတဲ့လား. . . နာမည် လေးက လှလိုက်တာ ဒါပေမယ့် အိမ်မှာ ခေါ်တဲ့ စူးစူးဆိုတဲ့ နာမည် လေးကိုလဲ မိုမိုက ကြိုက်တာပဲ. . .’

'ဒါဖြင့် မမက စူးစူးကို စူးစူးပဲခေါ်. . . စူးစူးက မမကို မိုမို ခေါ်မယ်. . .'

မြတ်ဝင့်မိုက သဘောတူကြောင်း ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည်။

'အင်း. . . ခုတော့ ကြည့်ပါတယ်. . . ဘယ်အချိန်ကျမှ ဆူးလို့ ထဆင်ထူးနဲ့ ဆူးဆူး ဖြစ်မလဲ မသိဘူး. . . ငယ်ငယ် ကတော့ အသံကလေး စူးစူး. . . စူးစူးနဲ့ ငိုလို့ စူးစူးလို့ ခေါ်တာ. . . ခုကြီးတော့ ဆလိန်နဲ့ ဆူးတဲ့ ဆူးဆူး ဖြစ်နေပြီ တော် ရေ့. . .'

'အဟင်း. . . ဟင်း. . . စူးစူးက လိမ္မာပါတယ်. . . သိပ်လိမ္မာတဲ့ စလုံးနဲ့ စူးတဲ့ စူးစူးလေးပါလို့ အားလုံးသိအောင် ကြော်ငြာပြလုက်ကြမယ်နော် စူးစူး. . .'

'အင်း. . .'

စူးစူးက သူ့လည်ပင်းတွင် ဝတ်ဆင်ထားသော ဆွဲကြိုး မှ ရွှေကြု တ်ကလေးကိုယူ၍ ကိုက်ရင်း ပြောလိုက်သည်။

မြတ်ဝင့်မိုသည် ထိုရွှေကြိုး နှင့် ကြုတ်ကို သူ့ကိုကိုဒေါက်တာထံတွင် ရှိနေသည်ကို အမှတ် ရလာ၏ ။

'အဟင်း. . . စူးစူးလေးက သိပ်ချစ်စရာကောင်းတာပဲ၊ ကြုတ်ကလေးကို မကိုက်ရဘူး ကွယ် ချထား. . .'

မြတ်ဝင့်မိုသည် တကယ်ပင် နှစ် နှစ် ကာကာ ချစ်သော စိတ်ဖြင့် စူးစူး၏ မို့မို့ဖောင်းဖောင်း ပါးကလေးနှစ် ဘက်ကို မွှေးကြူလိုက်သည်။

'လာ. . . မိုမို ကစားရအောင်. . .'

'နောက်မှ ကစားလေ. . . မနက်ကတည်းက ဟုတ်တိ ပတ်တိ ဘာမှ မစားသေးဘူး မဟုတ် လား. . .'

'ဟင့်အင်း မဆာဘူး. . .'

'အို. . . အချိန်နဲ့ စားရမှာ ပေါ့. . . ပြီးတော့ ကစားမယ်လေ. . . လာ မိုမိုကျွေးမယ်. .

. စူးစူးက လိမ္မာပါတယ် . . .'

မြတ်ဝင့်မိုက စူးစူး၏ လက်ကလေးကို ဆွဲကာခေါ်လိုက်သည်။

♥ ♥ ♥

(ရှစ်)

မြတ်ဝင့်မိုသည် အပေါ်ထပ် လှေကားထိပ်မှ နေ၍ အောက်ထပ်၏ ဧည့်ခန်းမြင်ကွင်းကို ထင်းလင်းသော မီးချောင်းရောင် များ အောက်တွင် တွေ့မြင်လိုက်ရသည်။

သစ်လွင်၍ အဖိုးတန်သော အသုံးအဆောင် ပစ္စည်း ဆိုဖာ. . . ဆက်တီ. . . ကတ္တီပါ. . . အောက်ခင်းများ နှင့် အခန်းထောင့်တစ်နေရာတွင် ခန့်ညားစွာ ရှိနေသော မှန်နှစ်ထပ် တီဗွီကြီး တစ်လုံးနှင့် အောက်စက်. . . ပြီးတော့. . . စောင်းဘောက်ကြီးနှစ် လုံးနှင့် ဆင်ထားသည့် စတီရီယို ကက်ဆက်ကြီး တစ်စုံ. . .။ လှပသော မှန်ပြတင်းပေါက် အခန်းဆီးများ . . .

'ဩော်. . . ကိုကိုတို့က အတော့် ကို ချမ်းသာကြတာကိုး. . .'

'လေးလေး. . . လေးလေး စွမ်းရေ. . .'

စူးစူးသည် မြတ်ဝင့်မို၏ လက်ကို လွှတ်ကာ သူ့လေးလေးစွမ်းကို အပြေးကလေး ရှာနေ၏ ။

'မရှိဘူး. . . ခုပဲ ဆေးရုံက ဖုန်းလာလို့ ပြန်ထွက်သွားပြီ စူးစူး. . .'

အိမ်ဖော်မလေး လုံးပုက ပြောလိုက်သည်။

'ကြည့်. . . လေးလေးစွမ်းက ဒီလိုချည်းပဲ. . .'

မြတ်ဝင့်မိုက ဧည့်ခန်းအဝင်အဝသို့ လှမ်းကြည့်လိုက်သည်တွင် သူ့ သားရေသေတ္တာ ရှိမနေ တော့သည်ကို တွေ့ရ၏ ။

'အင်း. . . ကိုစွမ်းလဲ ဒုက္ခပါပဲ. . . အရေး ပေါ် လူနာ ရှိပြန်ပြီ ထင်တယ်. . .'

'ဒီလူတွေ ကလဲ အားအားရှိ လေးလေးစွမ်းကိုပဲ ခေါ်နေတာပဲ. . .'

'သူများ အသက်ကို ကယ်တယ်ဆိုတာ သိပ်ကုသိုလ်ရတဲ့ အလုပ်ပဲ စူးစူးရဲ့. . . စူးစူးက စူးစူးရဲ့ လေးလေးစွမ်းအတွက် ဂုဏ်ယူရမှာ . . .'

'စူးစူးက မိုမိုရယ် လေးလေးစွမ်းရယ် စူးစူးရယ် ထမင်းအတူတူ စားမလို့ ဥစ္စာ. . .'

'လာပါကွယ်. . . လေးလေးစွမ်း မပါပေမယ့် စူးစူးနဲ့ မိုမို အတူစားရင်လဲ ရတာ ပဲ. . . ဟုတ် တယ် မဟုတ်လား. . .'

ထမင်းစားခန်းသို့ ရောက်ခဲ့သည်။

အခန်းလယ်တွင် ဘဲဥပုံ ထမင်းစားပွဲကြီးက မဟော်ဂနီရောင် ထွက်နေ၏ ။ နံရံကပ် မှန်ဗီရို ထဲတွင် လှပသော ပန်းကန်များ . . . ဖန်ခွက်များ နှင့် အခြား အသုံးအဆောင်များ ရှိနေ၏ ။

ထမင်းစားခန်းထောင့် တစ်နေရာတွင် လူ တစ်ရပ်ကျော်မြင့်သော နှစ်ထပ်ရေခဲသေတ္တာကြီး နှင့် ယင်းအပေါ်တွင် ပန်းတွေ ဝေနေအောင် ထိုးထားသော တရုတ်ကြွေပန်းအိုးကြီးကလည်း ကျက်သရေ ရှိ၍ လှလွန်းနေ၏ ။

'ကဲ. . . စူးစူး. . . ထိုင်. . .'

မြတ်ဝင့်မိုက စူးစူးအတွက် ကုလားထိုင်တစ်လုံးကို ဆွဲထုတ်၍ တင်ပေးလိုက်သည်။

'မိုမို ခွံ့ကျွေးရမလား. . . စူးစူး ဘာသာ စူးစူးစားမလား. . .'

'စူးစူးဘာသာ စူးစူး စားမယ်. . .'

'ကဲ. . . ဒါဖြင့် မိမိ လက်ဆေးပေးမယ်. . .'

မြတ်ဝင့်မိသည် ဒေါ်ဒေါ်ပုံ့၏ နောက်သို့ လိုက်ကာ မီးဖိုဆောင်ခန်းထဲမှ လက်ဆေးဇလုံကို ယူခဲ့ပြီး စူးစူး၏ လက်များ ကို စင်ကြယ်အောင် ဆေးပေးလိုက်သည်။

'စူးစူး လက်သည်းကလေးတွေ ရှည်နေတယ်နော်. . . မနက်ဖြန်ကျတော့ မိမိ ညှပ်ပေး မယ်. . . လက်သည်းထဲက ချေးတွေ ပါးစပ်ထဲရောက်ရင် ရောဂါ ဖြစ်တတ်တယ် စူးစူးရဲ့. . . .'

'ဟုတ်ကဲ့. . .'

'ကဲ့. . . ရော့ ဟောဒီမှာ ကြက်သားကြော်. . . မြူစွမ်ဟင်းချို. . . ချိုချဉ်ကြော်. . . ငါးမြင်း ချဉ်ရည်ကော စားဦးမလား မရွှေစူးစူး. . .'

'စူးစူး မစားပါဘူး မိမိအတွက် ပေး. . .'

'ဩော်. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့ သခင်မလေး. . .'

ဒေါ်ဒေါ်ပုံ့သည် လူကြီးစာအတွက် ချက်ထားသော ဟင်းလျာများ ကို မြတ်ဝင့်မိအတွက် ခူးခပ်၍ သီးသန့်ချပေးလိုက်သည်။

ဟင်းလျာတွေ က စုံလင်လှ၏ ။

သည်လောက် စုံလင်သော ဟင်းလျာတွေ နှင့် ဖေဖေဆုံးပြီးကတည်းက ဝေးခဲ့သည်မှာ နှစ် ပေါင်းကြာလှပြီ ဖြစ်သည်။

တစ်နေ့တစ်နေ့ ဒေါ်လေးညို၏ အိမ်တွင် ကလေးတစ်အုပ်ကြီးနှင့် ငါးပိရည် တစ်ဇလုံ၊ ပဲကုလားဟင်း တစ်အိုး၊ ဒါမှမဟုတ် ချည်ရည်ဟင်းတစ်အိုးနှင့် ထပ်ကာတလဲလဲ စားခဲ့ရသည်။

'မိမိ စားလေ. . .'

'ကလေး ဘာစားမလဲ ပြောလေ. . . မိမိ ထည့်ပေးမလို့. . .'

'ကြက်သားရို့(စ်)'

မြတ်ဝင့်မိုသည် ကြက်တစ်ကောင်လုံးကို နှိုပြီး အိအောင် ကြော်ထားသည်ကို ခက်ရင်းဖြင့် အသားများ ဖဲ့ထုတ်၍ စူးစူးလေး၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်သည်။

'ရော့. . . ဟင်းချိုကလေးပါ သောက်သောက်ပြီး စားနော်. . . ထမင်းကို အခြောက်တိုက် ကြီး မစားရဘူး. . .'

ချေးထုမလေး ဂျစ်တူးမလေး စူးစူးသည် မြတ်ဝင့်မိုနှင့် တော့ ခုအထိ ဟန်ကျနေ၏ ။

ဆက်ပြီး ဟန်ကျပါစေဟု အရိပ်အကဲ စောင့်ကြည့်နေသော ဒေါ်ဒေါ်ပုံ့က ကျိတ်၍ ဆုတောင်းလိုက်မိသည်။

♥ ♥ ♥

ထမင်းစားပြီး ဒေါ်ဒေါ်ပုံ့ ဖျော်ပေးသော လိမ္မော်ရည်တစ်ခွက်ကို သောက်ပြီး. . . စူးစူးသည် မြတ်ဝင့်မိုကို ဧည့်ခန်းဆီသို့ လက်ဆွဲခေါ်လာ၏ ။

'မိုမိုနဲ့ စူးစူး သီချင်းနားထောင်ရအောင်နော်. . . စူးစူးက ဟေမာနေဝင်း သီချင်းဆိုရင် သိပ် ကြိုက်တာပဲ. . .'

'စူးစူး ဖွင့်တတ်လို့လား. . . ပျက်သွားဦးမယ်. . .'

'ဒီကက်ဆက်ကြီးကို လေးငယ်မရှိရင် စူးစူးပဲ ဖွင့်နေကျပါ. . .'

စူးစူးသည် အခွေများ ထားသော စင်ပေါ်မှ ဟေမာနေဝင်း၏ အခွေကို လှမ်းယူလိုက်ပြီး ကက်ဆက်တွင် ထည့်၍ ဖွင့်လိုက်သည်။

စစချင်း ထွက်လာသော သီချင်းသည် မြတ်ဝင့်မို၏ ရင်ကို တုန်ခါသွားစေ၏ ။

ဒီမှာ အိပ်မရာ ဘာကြောင့် လဲ (အား. . . အချစ်)

ဒီမှာ အိပ်မရတာ အချစ်ကြောင့် ပေါ့ကွယ်. . .

ဒီမှာ စားမရတာ ဘာကြောင့် လဲ. . .

ချစ်တဲ့သူ ဒေါက်တာ နွေးထွေးစွာ ကူညီဦး

ဒီမှာ အိပ်မရတာ ဘာကြောင့် လဲ

ချစ်တဲ့သူ ဒေါက်တာပဲ ဆေးပေးပါ ကူညီပါဦး. . .

အိုး. . . ဒေါက်တာ ကိုကို အသည်းထဲက ဝေဒနာ ကြင်နာသူ ကိုကို. . .

'ဒေါက်'

'ဟင် ဘာလုပ် ပိတ်ပစ်တာလဲ မိုမိုရဲ့ . . . ဒီသီချင်း မကြိုက်ဘူးလား. . . သိပ်ကောင်းတယ် ပြန်ဖွင့်ပါ. . .'

'ဟို. . . ကြိုက်. . . ကြိုက်ပါတယ်. . . ဟိုလေ မိုမို အဝတ်အစားတွေ ဘာမှမထုတ်ရသေး ဘူး မဟုတ်လား. . . အဲ. . . အဲဒါ သွားထုတ်ပြီး ဗီရိုထဲ ထည့်မလို့. . .'

မြတ်ဝင့်မိုသည် စိတ်လှုပ်ရှားစွာ ဖြင့် ပတ်ဝန်းကျင်ကို ကြည့်ပြီး စူးစူးကို ပြောလိုက်သည်။

'ဟုတ်လား. . . ဒါဆို လာလေ မိုမို. . .'

'ဟင်း. . . တော် ပါသေးရဲ့ ဒီသီချင်း ဖွင့်ထားတုန်း ကိုကိုသာ ပြန်လာရင် ဒုက္ခ. . . ငါ့အတွင်း းစိတ်နဲ့ ငါ နေတတ်မှာ မဟုတ်ဘူး. . . သေချာတယ်. . .'

မြတ်ဝင့်မိုသည် ရင်တွေ တိုးတိတ်စွာ ခုန်ရင်း အပေါ်ထပ်သို့ စူးစူး၏ လက်ကလေးကိုဆွဲ၍ ဖြည်းညင်းစွာ တက်ခဲ့၏ ။

စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်လိုက်သည်တွင် အိပ်ခန်း အလယ်၌ ချထားသော သူ့ သားရေလက်ဆွဲ သေတ္တာကြီးကို တွေ့ရ၏ ။

'ဒါ ကိုကို လာထားသွားတာပဲ ဖြစ်မယ်. . . ဪ. . . ကိုကိုရယ်. . .'

မြတ်ဝင့်မိုသည် သေတ္တာကြီးကို လှဲချလိုက်ပြီး သူ့ ဆလင်းဘတ်ထဲမှ သော့တွဲကို ယူလာ ကာ ဖွင့်လိုက်သည်။

စူးစူးက အထဲက ပစ္စည်းများ . . . အဝတ်အထည်များ ကို စပ်စပ်စုစု အနီးတွင် ထိုင်ကာ ကြည့်နေ၏ ။

'မိုမိုရဲ့ ဖေဖေ. . . မေမေနဲ့ မောင်လေး ညီမလေးတွေ ဓာတ်ပုံ မပါဘူးလားဟင်. . .'

'မိုမိုနဲ့ မိုမို့ ဖေဖေရဲ့ ဓာတ်ပုံပဲ ပါတယ်. . . မေမေ ကတော့ မိုမို ငယ်ငယ်ကလေးတည်းက ဆုံးသွားပြီ စူးစူးရဲ့ . . .'

'ဆုံးတယ်ဆိုတာ သေတာကို ပြောတာနော်. . .'

'ဟုတ်တယ် စူးစူး. . .'

'စူးစူးရဲ့ ဖေဖေနဲ့ မေမေလဲ စူးစူး ငယ်ငယ်လေးကတည်းက သေသွားကြပြီ. . . မိုမိုကမှ ဖေဖေ ရှိသေးတယ်. . .'

'မိုမို့ ဖေဖေက ခု မရှိတော့ပါဘူး. . .'

'ဟင်. . . ဘယ်ရောက်သွားလို့လဲ. . .'

'ခု သူလဲ ဆုံးသွားပြီလေ. . .'

'ဟင်. . . ဒါဖြင့် မောင်လေး ညီမလေးတွေ ဘယ်သူနဲ့နေလဲ. . .'

'သူတို့က မိုမို့အဒေါ်က မွေးတဲ့ကလေးတွေ ပါ. . . သူတို့ ဖေဖေ မေမေတွေ နဲ့ နေကြတာပေါ့ မိုမိုကလေ စူးစူးလိုပဲ ဖေဖေ မေမေ မရှိတော့တဲ့ သူ တစ်ယောက် ပါကွယ်. . .'

ပြောရင်း ဝမ်းနည်းလာ၏ ။

မြတ်ဝင့်မို၏ အသံကလေးများ အက်ကွဲလာသည်။

'မိမိရယ် မငိုနဲ့နော်. . . စူးစူး ရှိနေတာပဲ. . .'

'မိမိ. . . မငိုပါဘူး ကလေးရယ်. . .'

မြတ်ဝင့်မိုသည် စူးစူးကလေးကို သူ့ ရင်ခွင်ထဲသို့ ဆွဲသွင်း၍ တင်းကျပ်စွာ ဖက်ထားလိုက် ၏ ။

'ဟော. . . ခြံထဲကို ကားဝင်လာသံ ကြားတယ်. . . ဘယ်သူလဲ မသိဘူး မိမိ. . .'

စူးစူးသည် မြတ်ဝင့်မို၏ ရင်ခွင်ထဲမှ ဦးခေါင်းကလေး ဆတ်ခနဲ ပြန်ထောင်ကာ ပြောလိုက် သည်။

'စူးစူးရဲ့ လေးလေးစွမ်း ပြန်လာတာ ဖြစ်မှာ ပေါ့. . .'

'ဟင့်အင်း. . . ဒီကားသံက လေးလေးစွမ်းရဲ့ ကားသံမဟုတ်ဘူး. . . နေဦး စူးစူး ဘယ်သူ လဲလို့ သွားကြည့်လိုက်ဦးမယ်. . .'

မစပ်စုကလေး ကားထိပ်ဆီသို့ ပြေးသွား၏ ။

'စူးစူးရေ. . . စူးစူး. . .'

'ဟာ. . . လေးငယ်. . . လေးငယ် ပြန်လာပြီ. . . ပျော်လိုက်တာ. . .'

စူးစူး လှေကားပေါ်မှ ဆင်းသွား၏ ။

မြတ်ဝင့်မိုလည်း အပြေးကလေးထွက်၍ ကြည့်လိုက်သည်။

အမျိုးသား တစ်ယောက် . . .။

အသက်က သူနှင့် မတိမ်းမယိမ်းပင် ရှိမည် ။

ဂျင်းဘောင်းဘီ. . . လယ်သာဂျာကင်နှင့် လူပုံက အပုံစား. . .။

ရုပ်ကလည်း ဖြောင့်ဖြောင့်. . .။

ထိုလူချောက လှေကားတစ်ဝက်ဆီသို့ ပြေးတက်လာကာ စူးစူးကို

မြောက်ခနဲနေအောင် ချီလိုက်ပြီး ပါးအိုးကလေးတွေ ကို နမ်းနေ၏ ။

'လေးငယ်. . . လေးငယ်. . . ပျော်လိုက်တာ. . .'

စူးစူးကလည်း သူ့ လေးငယ်၏ လည်တိုင်ကိုဖက်ကာ တူအရီးနှစ် ယောက် အပြန်အလှန် ချစ်ကြည်နေကြ၏ ။

'လေးငယ်. . . လေးငယ်. . . အင်း. . . လေးငယ ဆိုတော့ ကိုကို့ရဲ့ ညီချောပေကိုး. . . အင်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား. . . ငါ ရောက်တဲ့နေ့ပဲ သူ ပြန်ရောက်လာတယ်. . .'

လွင်မော်နိုင်သည် လှေကားတစ်ဝက်မှ အောက်သို့ ပြန်ဆင်းရန် လှည့်လိုက်စဉ် လှေကား ထိပ်တွင် ရပ်နေသော မြတ်ဝင့်မိုကို သတိပြုမိသွားသည်။

'ရှီး. . .'

လွင်မော်နိုင်ထံမှ လေချွန်သံ ရှီးခနဲ ထွက်ပေါ်သွား၏ ။

'ခစ်. . . ခစ်. . . ခစ်. . .'

လွင်မော်နိုင်၏ ရင်ခွင်ထဲတွင် ရှိနေသော စူးစူးသည် သူ့ဦးလေး အံ့အားသင့်သွားသည်ကို ကြည့်ကာ သဘောကျ၍ တခစ်ခစ် ရယ်လိုက်သည်။

'မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးလား. . .'

အကြည့်စူး၍ အပြောရဲသော လွင်မော်နိုင်၏ စကားကြောင့် မြတ်ဝင့်မိုသည် မျက်နှာ ကလေး လွှဲပစ်ကာ သူ့အိပ်ခန်းထဲသို့ ပြန်ဝင်ဖို့ ခြေလှမ်း ပြင်လိုက်သည်။

'မိုမို. . . မိုမို. . . ဆင်းလာခဲ့ပါ. . . လာပါ မိုမိုရယ်. . . လေးငယ်နဲ့ စကားပြောရအောင်. . .'

မြတ်ဝင့်မို မငြင်းသာပါ. . .။

နေးကွေးသော ခြေလှမ်းများ ဖြင့် အိမ်ပေါ်ထပ်မှ ဆင်းလာခဲ့ရ၏ ။

'လေးငယ်. . . စူးစူးအတွက် လေးလေးစွမ်းခေါ်လာပေးတဲ့ မိုမိုတဲ့. . .'

‘ဩော်. . . နာမည် က မိုမိုတဲ့လား. . . ချစ်စရာလေး. . .’

‘ကျွန်မ နာမည် မြတ်ဝင့်မိုပါ ကိုလွင်မော်နိုင်. . .’

‘အိုး. . . ဟိုး. . . ရွှေမင်းသမီးကလေးက တို့နာမည် ကိုတောင် သိနေမှကိုး. . .’

‘ဒါက မဆန်းပါဘူး. . . ဒီအိမ်မှာ ကိုယ်က အလုပ်လုပ်ရမယ့်လူဆိုတော့ အနည်းဆုံး ဒီအိမ်က လူတွေ အကြောင်း မသိသေးတောင် နာမည် တော့ သိထားသင့်တယ် ထင်တာပဲ. . .’

‘အား. . . ဟုတ်တာပေါ့. . . ဟုတ်တာပေါ့. . . ဒီတစ်ခါတော့ ကိုကိုစွမ်းကို ပစ်ကို ချီးကျူး လိုက်မိပြီ. . .’

‘ဘာတွေ များ ပစ်ချီးကျူး လိုက်တာလဲ ညီမော်. . .’

ထမင်းစားခန်းဘက်ဆီမှ ထွက်လာသော ဒေါ်လေးပုံ့က တည်ကြည်သော မျက်နှာကြီးဖြင့် ဝင်မေးလိုက်သည်။

‘စူးစူးအတွက် အသင့်တော် ဆုံးလူကို ခေါ်လာလို့ပေါ့. . . ဟုတ်ဘူးလား စူးစူး. . .’

‘ဟုတ်တယ်. . . ဟုတ်တယ်. . . ဒီတစ်ခါတော့ လေးလေးစွမ်း သိပ်တော် တယ်. . . မိုမိုကို ခေါ်လာပေးလို့ လေးလေးစွမ်းကို သိပ်ချစ်သွားပြီ. . .’

‘ဟော့. . . ဟော့ ကောင်မလေး. . . အစက လေးငယ်ကို အချစ်ဆုံးဆို. . .’

‘ဟုတ်တယ်လေ အစ ကတော့ ချစ်တာပေါ့. . . ဒါပေမယ့် လေးငယ်က စူးစူးကို ပစ်ပစ်ထား ခဲ့ပြီး ခရီးပဲ သွားနေတော့ စူးစူး မချစ်ချင်တော့ဘူး. . .’

‘အောင်မယ်လေး မလုပ်လိုက်ပါနဲ့ဗျာ. . . ဒီတူမလေးမှ မချစ်ရင် လေးငယ် အသည်းကွဲရပါ လိမ့်မယ်. . . ဒီအချိန်ကစပြီး ကတိပေးလိုက်ပြီ. . . လေးငယ် စူးစူးအနားကနေ ဘယ်မှ မသွား တော့ဘူး သိလား. . .’

‘ဟေး. . . ဒါမှ တို့လေးငယ်ကွ. . .’

'အင်း. . . အင်း အချစ် နာလန်ထနေလိုက်ကြတာ. . .'

'ချစ်ရမယ် ဒေါ်ဒေါ်ပုံ့ရဲ့ ချစ်စရာလေးဆိုတော့ ချစ်ရတာ ပေါ့ဗျ. . .'

မျက်လုံး တောက်တောက် ပပ တစ်စုံက ဝဲနခဲ ဝေ့ခနဲ မြတ်ဝင့်မို၏ မျက်နှာဆီသို့ ရောက်သွားကာ ပြောလိုက်သဖြင့် မြတ်ဝင့်မိုမှာ မျက်နှာ မထားတတ်အောင် ဖြစ်နေရ၏ ။

လွင်မော်နိုင်သည် အနှောင့်အသွား မလွတ်သော စကားကို ပြောပြီး တဟင်း. . . ဟင်း. . . ဟင်း နေ၏ ။

'ဟဲ့. . . ကိုယ်တော် လေး ကလေးကို ခဏချထား. . . ရေမိုးချိုးမှာ လား. . . ထမင်းစားမှာ လား. . . ကျုပ် ဘာအရင် လုပ်ပေးရမှာ လဲ. . .'

'ရေ အရင်ချိုးလိုက်မယ်. . . ဩော်. . . ဒေါ်ဒေါ်ပုံ့ ဟိုခြင်းထဲမှာ စူးစူးအတွက် သစ်ကြားသီး နဲ့ ဝါးဖောက်သီးတွေ ပါတယ်. . . တခြား စားစရာတွေ လဲ ပါပါသေးတယ်. . .'

'ဟာ. . . ပျော်တယ်ကွ. . . ပျော်တယ်ကွ. . . ဒါမှ စူးစူးရဲ့ လေးငယ်. . .'

ဒေါ်ဒေါ်ပုံ့သည် စူးစူးထံ မျက်စောင်းတစ်ချက် ခဲလိုက်ပြီး ကြမ်းပေါ်တွင် လဲလိုလဲ ထောင်လို ထောင် ဖြစ်နေသော လွင်မော်နိုင်၏ ပစ္စည်း ပစ္စယများ ဆီသို့ လျှောက်သွား၏ ။

'အင်း. . . သူ ပြန်လာရင်တော့ မလွယ်ဘူး. . . အလုပ်က ရှုပ်သလား မပြောနဲ့. . . တစ်နေ့ တစ်နေ့ ရောက်လာတဲ့ သူ့စာတွေ သိမ်းရတာ လဲ တစ်လုပ်. . .'

'အို. . . ကျွန်တော့်စာတွေ ရောက်နေတယ်. . .'

'ဟုတ်ပ့ါ စာကြည့်ခန်းထဲမှာ ရှင့်. . .'

လွင်မော်နိုင်သည် စာကြည့်ခန်းထဲကို လျင်မြန်စွာ ဝင်သွား၏ ။

'ဟင်. . . ပုံ့ပုံ့ကြီးကလဲ တစ်မျိုးပဲ. . . လုံးပုကို ကျတော့ မဘဲတဲ့. . . အလုပ်လုပ်တာ မသေ သပ်ဘူးတဲ့. . . ဘဲမ ဥ ဥသလိုပဲတဲ့. . . လေးငယ်က ဘဲမှ မဟုတ်တာ. . . ဘယ်လို ဥ ဥမလဲ. . . လေးငယ်ကို ကိုဘဲလို့ ခေါ်တာ မှား တယ်. . . ဟုတ်တယ် မဟုတ်လားဟင် မိုမို. . .'

'တယ်. . . ဒီကောင်မလေး. . . လူကြီး ပြောသမျှစကားတွေ ကို တစ်လုံးမကျန်အောင် လိုက်မှတ်ပြီး အားကြီး လူကြီးစကား ပြောချင်တယ်. . .'

မြတ်ဝင့်မို ကတော့ သူတို့ တူအရီး မြေးအဘွားတစ်တွေ ကို ကြည့်ကာ ရယ်မိနေ၏ ။

'မိုမို. . .'

'ဟင်. . . ဘာလဲ. . . စူးစူး. . .'

'တီဗွီ ကြည့်ရအောင်လေ. . . ခုနစ်နာရီ ခွဲပြီ. . .'

'စူးစူး ကြည့်ချင်ရင် ဖွင့်လေ. . . စူးစူး ဖွင့်တတ်တယ် မဟုတ်လား. . .'

'အင်း. . .'

မိုမိုသည် ဆိုဖာရှည်ကြီးပေါ်တွင် ထိုင်ကာ စူးစူး၏ လှုပ်ရှားမှု ကို ကြည့်နေ၏ ။

စူးစူးသည် တီဗွီကို ဖွင့်လိုက်ပြီး မြတ်ဝင့်မို၏ နံဘေးတွင် ဝင်ထိုင်လိုက်သည်။

ဒေါ်ဒေါ်ပုံ့က ငါးဖောက်သီးယို. . . သစ်ကြားသီးနှင့် ဝါရင်တန်သီးများ ကို ခွဲကာ ပန်းကန် လှလှကလေးများ ဖြင့် မြတ်ဝင့်မိုတို့ ရှေ့တွင် ချပေးလာ၏ ။

'ကဲ. . . စားတော် မူ မိဖုရားကလေး. . .'

'လေးငယ်ကော. . .'

'ဘယ်နှစ် ခုနှစ်ကတည်းက တင်နေတဲ့ ချွေးတွေ ကိုလဲ မသိဘူး. . . ရေချ ုးခန်းထဲမှာ ချွတ်နေတုန်းပဲ တော် ရေ. . .'

'အဟင်း. . . ဟင်း. . . ဟင်း. . . သိပ်ရယ်ရတာ ပဲ. . . ပုံပုံကြီးက လေးငယ်ဆို ဘယ်တော့ မှ အကောင်းမပြောဘူး. . . သူက လေးလေးစွမ်း တစ်ယောက် ကိုပဲ အသည်းတုန်အောင် ချစ်တာ မိုမိုရဲ့ . . .'

'ကျုပ်က လိမ္မာတဲ့လူကိုပဲ ချစ်တယ်တော် ရေ. . . တော် တို့ ညီမော်တို့ဆိုရင်

ကန်တော့ ဆွမ်းပဲ. . .'

ဒေါ်ဒေါ်ပုံ့သည် သူ့တင်ပါးဆုံ အိပဲ့ကြီးများ ကို လှုပ်ခါကာ ထမင်းစားခန်းဆီသို့ လျှောက် သွားသည်။

'ပုံပုံကြီးက ရုပ်ရှင်ထဲက ဒေါ်စိန်ခင်ကြီးနဲ့ တူတယ်နော် မိုမို. . . အဟင်း. . . ဟင်း. . .'

'ရှူး . . . မပြောရဘူး. . . တော်ကြာ ပုံ့ပုံ့ကြီး စိတ်ဆိုးသွားလိမ့်မယ်. . . စူးစူးက လိမ္မာပါ တယ်. . . ပုံ့ပုံ့ကြီးကို ပုံ့ပုံ့ကြီးပဲ ခေါ်နော်. . . သူ မကြိုက်တဲ့ ပုံပုံကြီးလို့ မခေါ်နဲ့ သိလား. . .'

'အင်း. . .'

'ဟုတ်ကဲ့လို့ ဖြေရတယ်. . . ကလေးရဲ့. . .'

'ဟုတ်ကဲ့. . . ဟော. . . အင်္ဂလန်စိန် လာပြီ. . . အင်္ဂလန်စိန်က ချောတယ်နော်. . .'

တီဗွီထဲတွင် အင်္ဂလန်စိန်ခေါ် ငြိမ်းငြိမ်းအိ တေးသီချင်းဆိုနေသည်ကို ကြည့်ကာ စူးစူးက ပြော လိုက်သည်။

'ဟုတ်တယ်. . . မိုမိုလဲ သူ့ကို သိပ်ကြိုက်တယ်. . .'

♥♥♥

(ကိုး)

'ဒေါ်ဒေါ်ပုံ့. . .'

အသင့်ပြင်ထားသော စားပွဲပွဲတွင် ဝင်ထိုင်ရင်း လွင်မော်နိုင်က အဒေါ် ဖြစ်သူကို တိုးတိုး ကလေး ခေါ်လိုက်သည်။

'ဘာလဲ. . .'

'ကိုကိုစွမ်းကော. . .'

'အရေး ပေါ် လူနာရှိလို့ ဆေးရုံက ခေါ်လို့ သွားတယ်. . . ဘာလုပ်မလို့လဲ. . .'

'ဟိုကောင်မလေးကို ဘယ်က ခေါ်လာတာလဲ. . .'

အိမ်ရှေ့ ဧည့်ခန်းသို့ မေးငေါ့ပြရင်း ကြည့်ရှင်သော မျက်နှာဖြင့် မေးလာ၏။

'ဘယ်သိနိုင်မှာ လဲ. . . သိချင်ရင် ကိုယ့်ဘာသာကိုယ် ကိုယ့်အစ်ကို လာတော့ မေးကြည့်'

'အဟင်း. . . ကိုကိုစွမ်း ကတော့ မမြသဥ္ဇာ အငြိစိပွက်မယ့် အလုပ်တွေ မလုပ်စဖူး လုပ် လာပြီ. . .'

'အလို ဘာဆိုင်လို့လဲ. . .'

'ဆိုင်ပါပြီကော ဒေါ်ဒေါ်ပုံ့ရာ. . . အသက်လေးဆယ်ကျော် အရွယ်ကြီးတွေ ရုပ်နည်းနည်း ချောရင်တောင် စူးစူးအတွက် အလုပ် မခန့်စေချင်တာ. . . ဒီကောင်မလေးမျိုး ဆိုရင်တော့ ဟင်း. . ဟင်း. . . ဟင်း. . .'

'ဟေ့. . . ညီမော် ဒေါ်ဒေါ်ပုံ့ သိတာ ကတော့ မြတ်ဝင့်မိုဟာ မင်းအတွက်လဲ မဟုတ်ဘူး. . . ကိုစွမ်းအတွက်လည်း မဟုတ်ဘူး. . . စူးစူးအတွက် အလုပ်လုပ်ပေးဖို့ ခေါ်လာတဲ့လူ. . . ဒါပဲ ကျုပ် နားလည်တယ်. . .

ဟို မရွှေစာ မကျေနပ်ရင်လဲ လဲတာ သေလိုက်တော့လို့ ပြောလိုက်ရုံပဲ ရှိတယ်. . . တစ်နေ့ တစ်နေ့ ဒီကလေးနဲ့ သင့်မြတ်တဲ့လူ မတွေ့ရလို့ ကျုပ်မှာ ဘယ်လောက်စိတ်ညစ်ရတယ် မှတ်သလဲ. . .

ဒါပဲနော်. . . ပြောထားလိုက်ပါရဲ့ ညီမော်. . . မြတ်ဝင့်မိုဟာ မင်းအတွက် ကစားစရာ အရုပ် တစ်ရုပ် မဟုတ်ဘူး ဒါကို ကြပ်ကြပ် သတိထားပါ. . .'

'အဟင်း. . . ဟင်း ရာဇသံ ပြင်းလှချည်လား. . . ဒေါ်ဒေါ်ပုံ့ရယ်. . . ကိုယ့်တူလေးပဲ ဥစ္စာ. . ကဲဗျာ ညီမော်က ဘာမှ မလုပ်ဖူးပါဘူးတဲ့. . . ကောင်မလေးက စပြီး ရေလာမြောင်းပေးလုပ်လာ ရင်ကောဗျာ. . .'

'မြတ်ဝင့်မိုဟာ မင်းထင်သလို ရေလာမြောင်းပေးလုပ်တတ်တဲ့ မိန်းကလေးမဟုတ်ဘူးဆို တာ ငါ ယုံတယ်. . . ညီမော်. . .'

'အားပါး. . . ဒေါ်ဒေါ်ပုံ့က အပြတ်ကို ထောမနာ ပြုနေပါလား. . .'

'ဟဲ့. . . တော် ပြီလား. . .'

'ဝပြီ. . .'

'ဘာမှလဲ မစားဘူး. . .'

'အလိုလို အာဟာရ သိဒ္ဓိပြည့်နေတယ်လေ. . .'

'ကောင်နာလေး. . .'

'အဟား. . . ဟား. . . ဟား. . .'

လွင်မော်နိုင်သည် သူ့ရှေ့ လင်ပန်းထဲမှ ပန်းသီးတစ်လုံးကို ယူ၍ လက်တွင် မြှောက်ကစား ရင်း. . . တဟားဟားရယ်ကာ ဧည့်ခန်းဆီသို့ ထွက်ခွာသွား၏ ။

ဒေါ်ဒေါ်ပုံ့မှာ တော့ မခိုးမခန့် ရယ်သွားသော တူ ဖြစ်သူကို ကြည့်ကာ ရင်ထဲတွင် အခံရခက် ပြီး မျက်နှာကြီး ရှစ်ခေါက်ချိုး ချိုး၍ ကျန်ရစ်ခဲ့ပေ၏ ။

♥ ♥ ♥

'စူးစူး စားဦးမလား. . .'

လွင်မော်နိုင်က ပန်းသီးကို ခွပ်ခနဲ တစ်ကိုက် ကိုက်ရင်း တူမငယ်ကို မေးကာ

သူတို့ ထိုင်နေသော ဆိုဖာပေါ်တွင် အိခနဲ နေအောင် ထိုင်ချလိုက်သည်။

‘စူးစူး မစားပါဘူး. . . လေးငယ်ပဲ စားပါ. . . စူးစူးနဲ့ မိုမို ဝါးဖောက်သီးယိုတွေ စားတာ အီစိမ့်နေပြီ. . .’

‘မြတ်ဝင့်မို အီတီတီ ဖြစ်နေရင် ဝါရှင်တန်သီး စားလိုက်ပါလား၊ ခံတွင်း လဲ သိပ်ရှင်းတယ်. .’

‘ဝင့်မို တစ်စိတ် စားပြီးပါပြီ. . .’

ဝင့်မို စိတ်ထဲတွင် ကျဉ်းကျပ်လာသည်။

ဘာ ဖြစ်လို့မှန်း မသိ. . . သူနှင့် စူးစူး ထိုင်နေသော ဆိုဖာပေါ်တွင် ဘာမပြော ညာမပြော ဆိုးဆိုး ဆတ်ဆတ် လွင်မော်နိုင် လာထိုင်လိုက်ကတည်းက မြတ်ဝင့်မိုသည် နေရာက ထပြေး ချင်နေ၏ ။

သူ ကြိုး စား ကြည့်လိုက်သည်။

တီဗွီက သတင်းလာနေ၏ ။

‘စူစူး လေးငယ်နဲ့ တီဗွီ ကြည့်နေနော်. . . မိုမို အဝတ်တွေ ဒီအတိုင်းထားပစ်ခဲ့ရတာ သွား သိမ်းလိုက်ဦးမယ်. . .’

‘ဟင့်အင်း ဟင့်အင်း. . . မိုမို မသွားရဘူး. . .’

စူးစူးက မြတ်ဝင့်မို၏ လက်ကို ဆွဲထားလိုက်သည်။

‘ဟုတ်သားပဲ မြတ်ဝင့်မိုရယ်. . . အဝတ်က နောက်မှ သိမ်းလဲ ရပါတယ်ဗျာ. . . စူးစူးလေး စိတ်ကျေနပ်အောင် နေလိုက်ပါ. . .’

‘မိုမိုကလဲ သတင်းပြီးရင် (Little House on the Prairie) ဇာတ်လမ်း လာမှာ . . . သိပ်ကြည့်လို့ကောင်းတာပဲ. . .’

စီးရီးအလိုက်လာသော ယင်းဇာတ်လမ်းကို မြတ်ဝင့်မိုလည်း အလွန်ကြို

က်ပါသည်။ သော ကြာနေ့တိုင်း တစ်ဘက်က ကောင်းမြတ်ဇံတို့ အိမ်သို့ မောင်ညီမလေးတွေ တစ်အုပ်ကြီးနှင့် သွား ကြည့်လေ့ရှိပါသည်။

သည်ကားကိုတော့ မလွှတ်ချင်ပါ။

သို့ပေမယ့်. . .

မိန်းကလေးတွေ ပစ်ကျလောက်အောင် ရုပ်ကလေးနှင့် ပြုံး တုံ့တုံ့အမူအရာ ထာဝစဥ် ရှိပုံရ သော လွင်မော်နိုင်နှင့် မိမိသည် သိပ် စကားမပြောလိုပါ။ အလွန် ခင်မင်ရင်းနှီးသွားမည် ကိုလည်း မလိုလားပါ။

ကိုကိုက ပြောခဲ့ဖူးပါသည်။

မိန်းကလေးများ သည် လွင်မော်နိုင်၏ ကစားစရာ အရုပ်တစ်ရုပ်တဲ့. . .။ ပြီးတော့ ချော သည့် လှသည့် မိန်းကလေးဆိုလျှင် ပိုဆိုးသေး၏ ဟု ဆို၏ ။

မိမိ သီရိဂေဟာသို့ ရောက်လာသည်မှာ ကြာဖြူဝတီခေါ် စူးစူးကလေးကို ကြည့်ရှုရန် အတွက်. . .။

ပြီးတော့. . . မိမိ အချိန်ကြာမြင့်စွာ တိုးတိတ်စွာ မြတ်နိုးလာခဲ့ရသော ကိုကိုဒေါက်တာ အတွက်. . .။

အထူးသဖြင့် မိမိ၏ ကိုကိုဒေါက်တာ မိမိ အပေါ် အထင်အမြင်လွဲမှား းမှု မ ဖြစ်ဖို့က အရေး ကြီးလှသည် မဟုတ်ပါလား. . .။

‘မြတ်ဝင့်မို. . .’

‘ဟင်. . .’

‘အဟင်း ဟင်း. . . စိတ်တွေ အဝေးကို လွင့်ပြီး ဘာတွေ များ တွေ းနေတာလဲ ဟင်း. . .’

‘သြော်. . . အဟင်း မဟုတ်ပါဘူး. . .’

'မြတ်ဝင့်မို ရန်ကုန်ကပဲလားဟင်. . .'

'ဟုတ်ကဲ့. . .'

'ဘယ်မှာ နေလဲ. . .'

'ကမာရွတ် လှိုင်ဘက်မှာ ပါ. . .'

'ဩော်. . . ဒီလောက် ရေမြေ နီးစပ်တာတောင် ဝင့်မိုနဲ့ တို့ တစ်ခါမှ မဆုံစည်းကြဘူးနော်'

'ဟုတ်ကဲ့. . . ဆုံစည်းနိုင်စရာလဲ မရှိပါဘူး. . . ဘာ ဖြစ်လို့လဲဆိုတော့ ဝင့်မိုဟာ အားတိုင်း အပြင်ထွက်လည်လေ့ရှိတဲ့ မိန်းကလေး တစ်ယောက် မဟုတ်ပါဘူး. . .'

'အဟင်း ဟင်း. . . ဒီနေရာမှာ တော့ တို့နဲ့ သိပ်ကွာတာကွာ. . . တို့ ကတော့ အချိန်ရှိသရွေ့ အပြင်မှာ လိမ့်နေတဲ့ မောင်ပဲ အဟင်း. . . ဟင်း. . . ဟင်း. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် ကားကို ဆင်ဝင်အောက်တွင် ရပ်လိုက်သည်နှင့် တစ်ပြိုင် နက် သံပန်းတံခါးမှ ဧည့်ခန်းထဲတွင် ဆိုဖာရှည်တစ်ခုတည်းပေါ်၌ ယှဉ်တွဲ ထိုင်နေကြသော မြတ်ဝင့်မိုး၊ စူးစူးနှင့် ညီတော် မောင် လမ်းကြမ်းပိုး လွင်မော်နိုင်ကို တန်းခနဲ တွေ့လိုက်ရ၏။

လွင်မော်နိုင်သည် ဘာတွေ များ သဘောကျနေသည် သူ မသိ. . .။

သို့သော် . . .

နစ် လိုဖွယ်ရာ မျက်နှာနုနုချောချောကလေးပေါ်တွင် အပြုံး တွေ ရွှမ်းရွှမ်းဝေနေသည်ကို တော့ သူ တွေ့နေရ၏။

သူ၏ ထူထဲနက်မှောင်နေသော မျက်ခုံးကြီးများ ထိစပ်လုအောင် ကြုတ်ရင်း ဒေါက်တာ စွမ်းထက်နိုင်သည် ကားတံခါးကြီးကို မဖွင့်နိုင်သေးဘဲ သူတို့ သုံးဦးကို ကြည့်နေမိသည်။

မြတ်ဝင့်မို ကတော့ မျက်နှာလေး တည်တည်ကြည်ကြည်နှင့် တီဗွီကို ကြည့်နေသည်။

စူးစူး ကတော့ သူ့ ခြေထောက်ကလေး နှစ် ချောင်းကို လှုပ်ကာ ဆော့ကစားရင်း သူ့ကိုယ်ကို ဘယ်ဘက်သို့ ယိမ်း၍ မြတ်ဝင့်မို၏ ကိုယ်နှင့် ထိလိုက်၊ ညာဘက်ကို ယိမ်း၍ လွင်မော်နိုင်၏ ကိုယ်ကို ထိလိုက်နှင့် လုပ်နေ၏ ။

လွင်မော်နိုင်၏ မျက်လုံးအစုံ ကတော့ တီဗွီပေါ်တွင် မရှိ၊ မြတ်ဝင့်မို၏ မျက်နှာ ချောချော လှလှကလေး ပေါ်တွင် ကျရောက်၍ နေသည်။

'ဟင်း. . . မြတ်ဝင့်မို ကလေးကို ငါ သီရိဂေဟာကို ခေါ်လာတာ မှား များ နေပြီလား. . . အို မှား ဖို့က များ ပါတယ်. . . တကယ်ဆိုရင် ပြတ်လက်စနဲ့ သူ့ကို ငါ ဆက်ဖြတ်ထားလိုက်ဖို့ ကောင်း တာ. . .'

ပင့်သက်ကြီး ရှိုက်ရင်း ဒေါက်တာ စွမ်းထက်နိုင်သည် ကားတံခါးကို ဖွင့်၍ ကားပေါ်မှ ဆင်းလိုက်သည်။

သည်တော့မှ ဧည့်ခန်းတစ်နေရာမှာ ထိုင်၍ တီဗွီကြည့်နေသော လုံးပုကလေးသည် ကားတံခါးသံကို သတိပြုမိလိုက်ပြီး တံခါးဆီသို့ ထပြေးတော့သည်။

လုံးပု တံခါးဖွင့်ပေးလိုက်သည်။

အိမ်ထဲသို့ ဒေါက်တာ စွမ်းထက်နိုင် လှမ်းဝင်လိုက်သည်။

သူ့ မျက်နှာတွင် အပြုံး ဟူသည် မရှိ။

ပင်ပန်း နွမ်းနယ်နေခြင်းကသာ ပေါ်လွင်နေသည်။

'လေးလေး စွမ်း. . .'

'ဟာ. . . ကိုကိုစွမ်း. . . ဂွတ်ဒေး. . .'

'ဘယ်မှာ လာ ဂွတ်ဒေးနိုင်ပါ့မလဲကွာ. . . ပင်ပန်းလိုက်တာ လူကို

အသက်ထွက်မတတ်ဘဲ ညီမော်ရ. . .'

ဒေါက်တာ စွမ်းထက်နိုင်က မပြုံး မရယ်နိုင်သော မျက်နှာဖြင့် သူ့ ခြေထောက်မှ ဘွတ်ဖိနပ် ကို ချွတ်ရင်း ဖြေလိုက်သည်။

'သူများ အသက်တစ်ချောင်းကယ်ဖို့ ကိုယ့်အသက် တစ်ချောင်းထွက်ရမယ်ဆိုတာ ကတော့ မဟုတ်သေးပါဘူး ကိုကိုစွမ်းရာ. . . အဟင်း ဟင်း. . .

ဒါကြောင့် . . . အစကတည်းက ညီမော်တို့ လိုင်းကို ကိုကိုစွမ်း မလိုက်တာ မှား တယ်လို့ ညီမော် ပြောတာပေါ့. . . အဟင်း. . . ဟင်း. . .'

'ဒါ ကတော့ ကိုယ့်ခံယူချက်နဲ့ ကိုယ်ပေါ့ ညီမော်. . . အမြဲတမ်း ပေါ့ပေါ့နေ ပေါ့ပေါ့စား အပျော်ပဲ ကျူး နေတဲ့ လူ တစ်ယောက် ရဲ့ ဘဝဟာ ထာဝရ ကောင်းခြင်း ဖြစ် မ ဖြစ် မင်း တစ်နေ့ သိလာမှာ ပါ. . .'

'ဟာ. . . ကိုကိုစွမ်းက ညီမော်ကို ဝင့်မိုရှေ့မှာ သိက္ခာချနေပြန်ပါပြီ. . .'

'ဒီစကားက ခုမှ ပြောတဲ့စကား မဟုတ်ပါဘူး ညီမော်. . . အခါအခွင့်သင့်တိုင်း ညီမော်ကို ကိုကိုစွမ်း သတိပေးခြင်းအ ဖြစ် ပြောတဲ့စကားပါ. . . အင်း. . . တစ်လက်စတည်း ပြောရဦးမယ်. . .

ဒီအိမ်ကို မြတ်ဝင့်မို ရောက်လာခြင်းဟာ ကိုကိုစွမ်းတို့ မိသားစုထဲက ကြေကွဲဖွယ်ရာ ပျောက်ဆုံးသွားရတဲ့ ညီမလေး ဖြူနွဲ့ဝတီ အစားထိုး ပြန်ရောက်လာခြင်းပဲလို့ အားလုံး သဘော ထားရမယ်. . . ကိုယ့်ဆွေမျိုးသားချင်းလို ဆက်ဆံရမယ်. . . ဒါပဲ ကိုကိုစွမ်း ပြောချင်တယ်. . .'

မြတ်ဝင့်မိုသည် မျက်လုံးရွဲကြီးများ ဖြင့် ဒေါက်တာ စွမ်းထက်နိုင်ထံသို့ ကျေးဇူးတင်လှဟန် ဖြင့် တစ်ချက် လှမ်းကြည့်လိုက်သည်။

'အဟင်း ဟင်း. . . ဝင့်မိုက မမ ဖြူနွဲ့ဝတီထက် ငယ်တယ်. . . ပြီး ညီမော်နဲ့ အသက်ချင်း တူနေမယ့်ပုံ ရတယ်၊ အဲဒီ တော့ ဝင့်မိုနဲ့ ညီမော်က နှစ် မြွှာအသည်းပေါ့နော်

ကိုကိုစွမ်း. . .'

'ညီမော်. . .'

ဒေါက်တာ စွမ်းထက်နိုင်၏ မျက်နှာကြီး မည်း ခနဲ ဖြစ်သွားပြီး သူ အော်လိုက်သံက ဟိန်း ထွက်သွား၏ ။

'ဆောရီး. . . ဆောရီး. . . ကိုကိုစွမ်းကို ညီမော်က ပင်ပန်းနွမ်းနယ်လာလို့ ပျော်စေ ပျက်စေ ပြောလိုက်တာပါ. . .'

'ငါ ဘာ ဖြစ်လို့ ရုတ်တရက် ဒေါသ ပေါက်ကွဲထွက်သွားရတာ လဲ. . . ငါ့ကိုငါ သတိထားမှ. . သတိထားမှ. . .'

ဒေါက်တာ စွမ်းထက်နိုင်လည်း လွတ်သွားသော စိတ်ကို အသိချွန်းဖြင့် အုပ်လိုက်၏ ။

မာတင်းနေသော မျက်နှာအမူအရာကို ချက်ချင်း လျှော့ချပစ်လိုက်၏ ။

မြတ်ဝင့်မို ကတော့ ဘာကြောင့် မှန်း မသိ သည်နေရာမှ ထွက်ပြေးပြီး သူ့အိပ်ခန်းထဲတွင် သာ ဝင်အောင်းနေလိုက်ချင်တော့သည်။

ရုပ်ရှင်က ဘာတွေ ပြနေမှန်းလည်း မသိတော့။

ဆက်၍ ကြည့်လည်း မကြည့်ချင်တော့ပါ. . ။

'အိပ်ကြစို့လား စူးစူးရယ်နော်. . .'

'ဟင့်အင်း. . . မိုမိုကလဲ. . . ပြီးတော့မယ့် ဥစ္စာ. . . နေဦးနော်. . . နော်. . . မိုမို. . .'

မသိမသာ သက်ပြင်းကျိတ်ချရင်း မြတ်ဝင့်မို ဆက်ထိုင်နေလိုက် ရတော့သည်။

ဒေါက်တာ စွမ်းထက်နိုင်သည် သူ့ ဂျူတီကုတ်ကြီးကို လက်မောင်းတွင် ချိတ်. . . ဘေးတွင် ချထားသော အတက်ချီအိတ်ကို ကောက်ကိုင်ကာ သူ့ အိပ်ခန်းဆီသို့ ထလျှောက်သွားတော့သည်။

♥ ♥ ♥

(တစ်ဆယ်)

ဒေါက်တာ စွမ်းထက်နိုင်သည် နေ့လယ်က မြတ်ဝင့်မိုကို စတွေ ့ကတည်းက ရင်ထဲတွင် သိပ် လှုပ်ရှားခဲ့ရ၏ ။

နှစ် တွေ ကြာညောင်းလာလို့ သည်ကောင်မလေးကို သူ မေ့ကောင်းရဲ့ ဟု ထင်မိသည်မှာ မှား နေလေပြီ။ ခု ပြန်တွေ ့ရတော့ အရင်က စိတ်လှုပ်ရှားမှု များ နှင့် အဆ အပြန်တစ်ရာ သူ စိတ် လှုပ်ရှားနေရပြီ. . .။

ခက်သည်က မြတ်ဝင့်မိုကလေးကို အလုပ် မခန့်ဘဲ ထားလိုက်လျှင် ထားနိုင်ရက်ပါကနဲ့ သူသည် မြတ်ဝင့်မို၏ ကြေကွဲဖွယ်ရာ ဘဝဇာတ်လမ်းများ ကို ကြားသိပြီး သနားစိတ်၊ ကြင်နာမိစိတ် တားမရအောင် ယိုဖိတ်ရသည်။

ဒါကြောင့် လည်း မြတ်ဝင့်မိုကို သူ အလုပ်ခန့်လိုက်ခြင်းပင်။

တစ်ဘက်ကလည်း စူးစူး ပြဿ နာက ရှိနေသည်။

ခေါ်လိုက်သမျှလူတွေ မနည်း မနေတော့. . .။

တစ်ပိတ်ပင် ပြည့်အောင် မနေဘဲ စူးစူးကို လန့်ပြေးကြသော ကြောင့် ဒေါ်ဒေါ်ပုံ့ တစ်ယောက် တည်း စူစူးကိစ္စ. . . သူ့အိမ်မှု ကိစ္စတွေ နှင့် ကျင်ကျင်လည်နေရ၏ ။

သူ့ ဒေါ်လေး ဒေါ်ဒေါ်ပုံ့ကိုလည်း သူ သနားမိသည်။ စာနာမိသည်။

ယခု မြတ်ဝင့်မိုသည် စူးစူးကလေး စိတ်ကြိုက် ဖြစ်သွားသော ကြောင့် သူ သိပ်ဝမ်းသာ ဝမ်း မြောက် ဖြစ်ခဲ့ရ၏ ။

သီရိဂေဟာတွင် မြတ်ဝင့်မိုကို အလှကြည့်သော ကြွေရုပ်ကလေး တစ်ရုပ်ကဲ့သို့

အစဉ်အမြဲ သူ နေသွားစေချင်၏ ။

ယခု ညီမော် ပြန်ရောက် လာချေပြီ. . .။

သူ့ ဆန္ဒများ ပြည့်ဝပါလေမည် လား. . .။

ညီမော်ကြောင့် ပြဿ နာ မ ဖြစ်ရပါစေနှင့် ဟု သူ ကျိတ်၍ ဆုတောင်းလိုက်မိသည်။

'ဟူး. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် ရေချိုးခန်းထဲမှ လေပူတစ်ချက် မှု တ်ထုတ်ပြီး ထွက်လိုက် သည်။

'ကိုစွမ်းရေ ထမင်းစားမယ် မဟုတ်လား. . .'

အပြင်ဘက်မှ ဒေါ်ဒေါ်ပုံ့က လှမ်းမေးသံ ကြားလိုက်ရသည်။

'ထမင်း မစားတော့ဘူး လိမ္မော်ရည် တစ်ခွက်ဖျော်ပေးပါ ဒေါ်ဒေါ်ပုံ့. . .'

'အေး. . . အေး. . .'

အဝတ်အစား လဲပြီး သူ အပြင် ထွက်လာချိန်တွင် တီဗွီဇာတ်လမ်းက ပြီးဆုံးသွား၏ ။

'လေးလေးစွမ်း. . .'

ဂါဝန် ဖြူဖြူကလေးနှင့် ဝဝတစ်တစ် ချစ်စရာကောင်မလေး စူးစူးသည် အိပ်ခန်းထဲက ထွက်လာသော ဒေါက်တာ စွမ်းထက်နိုင်ဆီသို့ အပြေးသွားပြီး သူ့ လက်ကလေးနှင့် ဒေါက်တာ စွမ်း ထက်နိုင်ကို ဖက်လိုက်သည်။

ရှည်မြင့်သော ဒေါက်တာ စွမ်းထက်နိုင်၏ ဒူးသာသာကိုသာ စူးစူး၏ လက်ကလေးများ က ဖတ်မိနေသည်။

'ဘာလဲ စူးစူး. . .'

ဒေါက်တာ စွမ်းထက်နိုင်က စူးစူးကို ကောက်ချီရင်း မေးလိုက်သည်။

'မိုမိုကို စူးစူးအတွက် ရှာရပေးလို့ ဟောဒီဘက်ပါးကို ဝမ်းကစ်(စ်) ဒီဘက်ပါးကို ဝမ်းကစ် (စ်) ဟင်း. . . ဟင်း. . . လေးလေးစွမ်းက သိပ်လိမ္မာတာပဲ. . .'

ဦးလေး ဖြစ်သူ၏ ပါးကို ဘယ်ပြန်ညာပြန် နမ်းရှုပ်ပြီး ကလေးမကလေးက ကြည်ကြည်နူးနူး ပြောလိုက်သည်။

'အေး. . . မိုမိုကို ရလို့ စူးစူး ဝမ်းသာတာ. . . လေးလေးစွမ်း ကျေနပ်ပါတယ်. . . ဒါပေမယ့် မိုမို ထွက်ပြေးအောင် စူးစူး မဆိုးရဘူးနော်. . . မိုမို စကားကို နားထောင်ရမယ် ကြားလား. . .'

'အဟင်း ဟင်း. . . နားထောင်မှာ ပါ. . . စူးစူးက မိုမိုကို ချစ်သလို မိုမိုကလဲ ချစ်တယ်တဲ့. . ဟုတ်တယ်. . . မဟုတ်လား. . . မိုမို. . .'

မြတ်ဝင့်မိုသည် သူတို့ တူအရီးနှစ် ယောက် နှင့် မလှမ်းမကမ်းတွင် ပြုံး ပြုံး ကလေးသာ ရပ် ကြည့်နေ၏ ။

'ခု. . . လေးငယ်လဲ ရောက်လာပြီ. . . မိုမိုရယ် စူးစူးရယ် လေးမော်ရယ်. . . တိရစ္ဆာန်ရုံလဲ သွားမယ်. . . ကရဝိတ်မှာ လဲ အိုက်စကရင် သွားစားမယ်. . . မင်္ဂလာဒုံဥယျာဉ်လဲ သွားမယ်. . . စူးစူး အားလုံး စဉ်းစားထားပြီးပြီ. . .'

'ဟာ. . . သိပ်ဟုတ်တာပေါ့. . . ဒီတစ်ခါတော့ နေရာတွေ အစုံရောက်အောင် လေးငယ် လိုက်ပို့ပေးမယ် စိတ်သာချ. . .'

လိမ္မော်ရည်ခွက် ယူလာသော ဒေါ်ဒေါ်ပုံ၏ မျက်စောင်းက လွင်မော်နိုင်ထံသို့ ဝဲခနဲ ကျသွား ၏ ။

'ခြေထောက်မှာ ဗွေပါတိုင်း ကလေးကို အပြင်ထွက်ဖို့ မဆွယ်နဲ့နော် ညီမော်. . . နေ မကောင်း ဖြစ်တော့ ငါပဲ ဒုက္ခရောက်တာ. . .'

'ဘာပူလဲဗျာ. . . အိမ်မှာ ဒေါက်တာရင့်မကြီး တစ်ယောက် လုံး ရှိနေတဲ့ ဥစ္စာ. . .'

'ဟုတ်သားပဲ ပုံပုံကြီးကလဲ. . .'

'ကြည့်စမ်း ကောင်မလေး ငါ့ကို ခေါ်ပြန်ပြီလား. . . ပုံပုံကြီးလို့. . .'

'အဟင်း ဟင်း. . . ဟင်း မှားသွားလို့. . . မှားသွားလို့. . . ဆောရီးနော်. . .'

'ကောင်မလေးနော် ကြပ်ကြပ် သတိထား. . . နင့် လေးငယ်ခြေရာနင်းဖို့ မကြံနဲ့. . .'

'ကဲ. . . ကဲ. . . ကဲ. . . သွားအိပ်ချည်တော့ ညည့်နက်လှပြီ. . .'

ဒေါက်တာ စွမ်းထက်နိုင်က စူးစူးကို ချီထားရာမှ ချပေးလိုက်သည်။

'လာ. . . စူးစူး. . .'

မြတ်ဝင့်မိုက စူးစူး၏ လက်ကို ဆွဲယူလိုက်သည်။

'ဟင့်အင်း လေးငယ် ကျောပိုးပြီး ပို့ပေးမှ. . .'

'အိုး. . . တက်စေဗျာ. . .'

စူးစူး၏ ရှေ့တွင် လွင်မော်နိုင်က ကျောပေါ်တက်ရန် ထိုင်ပေးလိုက်သည်။

ကောင်မဆိုးလေးကလည်း တခစ်ခစ် ရယ်ရင်း သူ့ ဦးလေးငယ်၏ ကျောပေါ်တွင် ခွစီးလိုက် သည်။

သူတို့နှစ် ယောက် နောက်မှ မြတ်ဝင့်မိုလည်း ပင့်သက်ကလေး ရှိုက်ရင်း ဖြည်းညင်းစွာ လိုက် လျှောက်လာခဲ့သည်။

ဒေါက်တာ စွမ်းထက်နိုင်သည် လိမ္မော်ရည် ခွက်ကို ကိုင်ရင်း ဆိုဖာတစ်ခုတွင် ထိုင်လိုက် သည်။

'ထမင်း မစားလို့ ဖြစ်မလား ကိုစွမ်း. . .'

'ဆေးရုံက ခေါက်ဆွဲကြော်တွေ အတင်းကျွေးလိုက်လို့ ရင်ပြည့်နေတယ်

ဒေါ်ဒေါ်ပုံ့. . .'

'အင်း. . . ဝမ်းထဲ အစာရှိတယ်ဆိုရင်တော့ တော် သေးတာပေါ့. . . ဒါနဲ့ မင်းကောင်မလေး ကိုတော့ စူးစူးက သိပ်သဘောကျနေပြီ. . .'

'စူးစူးနဲ့ အဆင်ပြေမှာ ပါ. . . မြတ်ဝင့်မိုက သူ့ အဒေါ်က မွေးတဲ့ ကလေးတွေ တစ်အုပ်ကြီး ကို ထိန်းလာတာဆိုတော့ ကလေးထိန်းတဲ့ နေရာမှာ တော့ နိုင်နင်းတယ်. . .

ပြီးတော့ အင်္ဂလိပ်စာ အမိကနဲ့ ဘွဲ့လဲရပြီးသား. . . ဂျပန်စကားနဲ့ စာလဲ တတ်တယ်. . . အိမ်တွင်း မှု သိပ်ပွဲကျောင်းလဲ တက်ထားတယ်လို့ ပြောတယ်. . .'

'အောင်မယ်. . . လူသာငယ်တယ်. . . အာဂဟာမလေးပါလားကွယ့်. . .'

'စူးစူးအတွက် သိပ် စိတ်ချရတဲ့ မိန်းကလေး ဖြစ်မှာ ပါ. . .'

'ဟုတ်ပါတယ်. . . ဒါနဲ့ မင်း ဒီကောင်မလေးကို ဘယ်လို တွေ့တာလဲ ဟင်. . .'

'အဟင်း. . . မြတ်ဝင့်မိုကို. . . ဆယ့်လေးနှစ် သမီးကတည်းက ကျွန်တော် ရင်းရင်းနှီးနှီး သိခဲ့ဖူးတာပါ ဒေါ်ဒေါ်ပုံ. . .'

'အင်း. . . သိတာ ကြာပါပကော. . .'

'ဟုတ်ပါတယ်. . . သိရုံတင် မကဘူး. . . ပြည်ဆေးရုံမှာ ကျွန်တော် တာဝန်ကျနေတုန်း သူ ကားတိုက်ခံရပြီး သွေးလွန်ပြီး ဆေးရုံကို ရောက်လာတယ်. . .

သူ့အတွက် အရေး တကြီး လိုနေတဲ့ အိုသွေးကို ဘယ်မှာ မှ ရှာမရ ဖြစ်နေလို့ ကျွန်တော့် သွေးကို ထုတ်ပြီး သူ့ကို သွင်းကပေးခဲ့ရတယ်ဆိုတာ သူပဲ ဒေါ်ဒေါ်ပုံ့. . .'

'ဒါ. . . ဒါ. . . ဆိုရင် မင်းပြောဖူးတဲ့ မင်း သွေးပေးလိုက်တဲ့ မိန်းကလေးဆိုတာ သူကိုး. . . ဒါနဲ့များ ဒီမိန်းကလေးကို သီဂိဂေဟာကို ခေါ်ခဲ့ရသလား ကိုစွမ်း. . .'

'အဟင်း. . . ကျွန်တော် သူ့အပေါ်မှာ အမည် းစက်မပါတဲ့ ခင်တွယ်မှု နဲ့ ခင်တွယ်လို့က တစ်ကြောင်း၊ သူ့မှာ မိဘမဲ့ပြီး ဒုက္ခရောက်နေလို့ ခေါ်လိုက်မိတာက

တစ်ကြောင်း အကြောင်း နှစ် ကြောင်း ရှိပါတယ်...'

ဒေါ်ဒေါ်ပုံ့က တူ ဖြစ်သူကို စိတ်ဆက်မကောင်းလှဟန်ဖြင့် တစ်ချက်ကြည့်လိုက်သည်။

'အေးလေ...ကိုစွမ်း သဘောပါပဲ...'

ဒေါက်တာ စွမ်းထက်နိုင်က လိမ္မော်ရည်ကို တစ်ကျိုက် နှစ် ကျိုက်သောက်လိုက်ပြီးမှ မြတ်ဝင့်မို၏ လက်ရှိ အခြေအနေနှင့် ဖြစ်ပျက်ခဲ့ရသော အကြောင်းများကို ဆက်လက်ရှင်းလင်း ပြလိုက်သည်။

'ဩော်...ဟယ်...ကလေးမနယ် ဖြစ်မှ ဖြစ်ရလေ...အင်း ဒီကို ရောက်လာတာတော့ ကံကောင်းပါတယ်...ဒါပေမယ့် ဟိုအငယ်ကောင် အနှောင့်အယှက်များ ဖြစ်လေမလားလို့ ဒေါ်ဒေါ်ပုံ ပူမိတယ်ကွယ်...

ခုလဲ ကြည့်လေ အပေါ်ထပ်ကို ကလေးသွားမို့တာ ဆင်းမလာတော့ဘူး...သူပါ ရောအိပ် တော့မလို့လား မဆိုနိုင်ဘူး...'

ဒေါ်ဒေါ်ပုံ့က အပေါ်ထပ်သို့ မကျေနပ်ဟန်ဖြင့် လှမ်းကြည့်ရင်း ပြောလိုက်သည်။

အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာကို ဆရာဝန်ရင့်မကြီးသည် ရင်မှာ ပိုက်ရင်း အပေါ်ထပ်ဆီသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။

'ဒေါ်ဒေါ်ပုံ့ရယ်...လူငယ်တွေ မ ဖြစ်သင့်တာ မ ဖြစ်အောင်လို့တော့ ဝိုင်းထိန်းပေးပါ၊ မြတ်ဝင့်မို အလိုတူလို့ ဖြစ်တာမျိုးဆိုရင်တော့ ဘယ်တတ်နိုင်မလဲဗျာ...

ဟိုက အလိုမတူတာမျိုးဆိုရင် စူးစူးအတွက် ခက်မယ်မဟုတ်လား... မြတ်ဝင့်မိုကို ကျွန် တော် ကူညီချင်တာလဲ ပျက်မယ်...'

'အင်း...ဒေါ်ဒေါ်ပုံ့ ဒါတွေ သဘောပေါက်ပါတယ်ကွယ်...မင်း စိတ်အေးအေးနေပါ...ဩော်...မောင်မင်းကြီးသားလေး ဆင်းလာသေးသကိုး...'

လေကလေးတချွန်ချွန်နှင့် လှေကားပေါ်က ပြေးဆင်းလာသော တူငယ်

ဖြစ်သူကို ဒေါ်ဒေါ် ပုံ့က ငေ့ါတူးတူးပြောလိုက်သည်။

'အဟင်း ဟင်း. . . စူးစူးအကြောင်း ဒေါ်ဒေါ်ပုံ့ မသိတာ ကျနေတာပဲ. . . သူ အိပ်တဲ့အထိ ထိုင်စောင့်ရမယ်တဲ့. . . ဒါတောင် ဝင့်မိုကို အားနာလို့ အတင်းချော့ပြီး ပြန်ဆင်းလာခဲ့ရတယ်. . . အဟင်း. . . ဟင်း. . . ကိုကိုစွမ်း ဝါရှင်တန်ကျူ(စ်) မသောက်ဘူးလား. . .'

'ခုပဲ သောက်ပြီးပါပြီ. . .'

'ဘယ်လိုလဲ. . . ထိုင်ပါဦးလား. . . အစ်ကိုကြီးနဲ့ မတွေ့ရတာ ကြာလို့ အလွမ်းသယ် ချင်သေးတယ်. . .'

ထိုင်ရာမှ ထလိုက်သော ဒေါက်တာ စွမ်းထက်နိုင်ကို လွင်မော်နိုင်က တားလိုက်သည်။

'ကိုကိုစွမ်း သိပ်ပင်ပန်းနေတယ် ညီမော်ရာ. . .'

'သွားအိပ်ပါစေ. . . မင်း အစ်ကိုက တစ်နေ့ တစ်နေ့ အလုပ်ပိနေတာ. . . မင်းလို အားအား ယားယား လည်ပတ်ရာက ပြန်လာတာ မဟုတ်ဘူး. . .'

'ဒေါ်ဒေါ်ပုံ့ ကတော့လေ. . . ညီမော်ကိုဆိုရင် အကောင်းတစ်ကွက်မှ မမြင်ဘူး. . .'

'နို့. . . မင်းကကော မြင်စရာ ကောင်းကွက်ရှိလို့လား ပြောစမ်းပါဦးတော် . . .'

မျက်နှာကြီးမဲ့ကာ ရွဲ့ကာဖြင့် ဒေါ်ဒေါ်ပုံ့က ပြောလိုက်သည်။

'အဟင်း ဟင်း. . . လွင်မော်နိုင်ဆိုတဲ့ ငါ့တူကလေး တယ်လိမ္မာပါကလားဆိုတာ တစ်နေ့ တော့ ဒေါ်ဒေါ်ပုံ့ တွေ့လာမှာ ပါဗျာ. . .'

'အဟွန်း အပြောကလေး ကတော့ ညွန့်နေတာပဲ. . .'

'ဒါတောင် လျှော့ထားတာ မိုင် ပိုသွားမှာ စိုးလို့. . '

အဒေါ်ကြီးသည် စားပွဲပေါ်မှ ဖန်ခွက်ကို ကောက်ယူပြီး ထမင်း စားခန်းဆီသို့ ဝအိသော ကိုယ်ခန္ဓာကြီး လိမ့်လိမ့် လိမ့်လိမ့်ဖြင့် ဝင်သွား၏ ။

'အဟင်း ဟင်း. . . ဟင်း. . . တို့ အဒေါ် ကတော့ တစ်နေ့တစ်ခြား မစိန်ခင်ကြီးအတိုင်း ဖြစ် နေပြီ အဟား. . . ဟား. . .'

ဆိုဖာ တစ်လုံးပေါ်တွင် ပစ်ထိုင်ရင်း လွင်မော်နိုင် ရယ်နေသည်။

ဒေါက်တာ စွမ်းထက်နိုင် ကတော့ သူ့အိပ်ခန်းတံခါးကို အတွင်းက ချက်ချလိုက်ပြီး သူ့ ခုတင် နံဘေးရှိ ခုံကလေးပေါ်မှ နားကျပ်ကက်ဆက် အသေးကလေးကို လှမ်းယူပြီး ခုတင်စွန်းတွင် ထိုင် လိုက်သည်။

ထို့နောက် အသင့်ထည့်ထားသော အခွေကို ခလုတ်နှိပ်၍ နားထောင်လိုက်သည်။

ဒေါက်တာ စွမ်းထက်နိုင်သည် နားနှစ် ဘက်ထဲသို့ စိမ့်ဝင်နေသော အင်္ဂလိပ်သီချင်း တစ်ပုဒ် ၏ အရသာကို ခံစားရင်းက သူ့မျက်နှာပေါ်တွင် အသွင်က တည်သွားလိုက် မှုန်သွားလိုက် မည်းညို့သွားလိုက် ဖြစ်နေ၏ ။

သူသည် သီချင်းကို အဆုံးအထိ နားမထောင်ခဲ့. . .။ ကက်ဆက်ကလေး၏ ခလုတ်ကို ဒေါက်ခနဲ ပိတ်ချကာ နားကျပ်ရော ကက်ဆက်ကိုပါ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

'ဟင်း. . .'

ပင့်သက်ရှည်ကြီးကို ချရင်း လက်နက်ဘက်ကို ယှက်၍ ခေါင်းခုကာ ခုတင်ပေါ်တွင် သူ ပက်လက်အိပ်ချလိုက်သည်။

သူ့ရင်ထဲတွင် တင်းကျပ်၍ နေ၏ ။

သူ့ မျက်လုံးအစုံထဲတွင် ရွှင်ကြည်စွာ သူနှင့် စကားပြောနေသော မြီးကောင်ပေါက်မ အရွယ်ကလေး မြက်ဝင့်မိုကို မြင်ယောင်လိုက်. . . ယခု နုပျိုလှပသော အပျ

ရှယ်ကလေးကို မြင် လိုက်. . . အရပ်မြင့်မြင့် ဒေါင်ကောင်းကောင်းနှင့် သန့်သန့် ချောချော မြသဥ္စာကို မြင်ယောင်လိုက် ဘွား ဝတီနွယ်၏ မျက်နှာကြီးကို မြင်ယောင်လိုက်နှင့် မျက်စိထဲတွင် ချားရဟတ် ပတ်ပတ်လည်နေ ၏ ။

သူသည် မေးကျောကြီးများ တင်းနေအောင် အံကိုကြိတ်လိုက်ပြီး ဦးခေါင်းကို ခါပစ်လိုက် သည်။

အတွေးများ မြင်ယောင် ထင်ယောင် ဖြစ်နေမှု များ တစ်သက်လုံး မြေဝယ်မကျ နားထောင်ခဲ့ ရသော ဘွား ဝတီနွယ်၏ စကားသံများ သူ့ထံမှ ဖယ်ကြဉ်၍ ထွက်မသွားကြပါ။

'ဟင်း. . . သိပ် ခက်တာပဲ. . .'

ဒေါက်တာ စွမ်းထက်နိုင်သည် သက်မကြီး တစ်ချက် ချလိုက်ပြီး အိပ်ရာမှ ထကာ ဆေးပု လင်းတစ်လုံးထဲမှ ဆေးတစ်လုံးကို ထုတ်ယူ၍ သောက်ချလိုက်သည်။

ပင်ပန်းလှပါပြီ။

အတွေးများ ပျောက်ပျက်ချင်လှပါပြီ။ မေ့မော့မောမော အိပ်ပစ်ချင်လှပါပြီ။

အရှင်လတ်လတ် ငရဲကျနေသည့် ဒဏ်ကို မခံလိုတော့ပါ။

ထို့ကြောင့် လည်း သူသည် အိပ်ဆေးကို ထသောက်ပစ်လိုက်ခြင်း ဖြစ်သည်။

♥ ♥ ♥